# မြန်မာနိုင်ငံ၏ အဓိကပြဿနာ

နှင့်


အတွေးအမြင် ဆောင်းပါးများ

## သာဓုကာရ မြဦး



mgyoe.com

mgyoe.com SAMPLE BOOK



# မြန်မာနိုင်ငံ၏ အဓိကပြဿနာ

နှင့်

အတွေးအမြင်ဆောင်းပါးများ

သုဓာမြည့်ဦး



ISBN 978-99971-952-2-7

K0381

9 789997 195227 >

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - စက်တင်ဘာလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်

တန်ဖိုး - ၂၄၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# [illegible]

နှင့်

အတွေးအမြင်ဆောင်းပါးများ

## [illegible]



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- မင်းထင်ကိုကိုကြီး၊ ဒေါ်စိန်အေး၊ ရခိုင်မှာထုတ်တဲ့ ကာဖျူး၊ ဗိုလ်မှူးဗထူးနှင့် သတ္တုတွင်း ဦးဆောင်ညွှန်ကြားရေးမှူး ၇
- ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူ ၁၃
- လူညီရင် ဤကို ကျွဲ ဖတ်သတဲ့လား ၂၃
- နိုင်ငံတော် ဆိုသည်မှာ ၂၇
- ပြောင်းလဲချင်ရင် ဒါတွေပြင် ၃၂
- သင်္ကြန်မှာ ဘာတွေ ကျန်ခဲ့သလဲ ၄၂
- ဘယ်သူ့ကို အပြစ်ဖို့မလဲ ၄၈
- မြန်မာပြည် တိုးတက်လာသလား ၊ ဆုတ်ယုတ်သွားသလား ၅၃
- ဒီမိုကရေစီနိုင်ငံ စစ်စစ်မှာ ၆၂
- ခေတ်မစားသော စကားလုံးများ ၆၆
- အကယ်ဒမီပေးပွဲ၊ မြန်မာတို့ လေကြောရှည်ခြင်းနှင့် အမှိုက်ပြဿနာ ၇၂
- မြန်မာနိုင်ငံရဲ့ အဓိကပြဿနာ ၇၈
- ပေါ့ပေါ့ပါးပါး အတွေးများ ၈၇
- နိုင်ငံရေးမီး သတိ ၉၂
- ကမ္ဘာကြီးက ဘယ်လို သမ္မတ ရွေးကြသလဲ ၉၈
- အနောက်ကို ကြည့်လွန်းလျှင် အရှေ့ကို မမြင်နိုင် ၁၀၃
- ပါးမှာ သနပ်ခါး၊ ပေါင်မှာ သေးစီးကြောင်း ၁၁၂
- တရားစီရင်ရေးမဏ္ဍိုင်သည် အဘယ်ကြောင့် ပြည်သူလူထုနှင့် ဝေးကွာနေသနည်း ၁၁၇
- ကျွန်တော်တို့ သူခိုး မဟုတ်ကြဘူး ၁၂၂


mgyoe.com

mgyoe.com
SAMPLE BOOK

- ဘာတွေ ပြင်ကြမှာလဲ ၁၃၁
- ဗိုလ်ချုပ်အောင်ဆန်းရဲ့ စိတ်ဓာတ်တွေကို အတုယူကြ ၁၃၉
- နိုင်ငံလုံးပတ်လည် ၁၄၃
- စွမ်းအင်ကို ကျွမ်းကျင်သူတွေနဲ့ ကိုင်စေချင်သည် ၁၅၂
- Plan A, Plan B, Plan C နှင့် လက်မည်းကြီးများ ၁၆၂
- ဝေဖန်သံတွေ သောသောညံသော ရက်သတ္တပတ် ၁၆၈

mgyoe.com

mgyoe.com SAMPLE BOOK

# မင်းထင်ကိုကိုကြီး၊ ဒေါ်စိန်အေး၊ ရခိုင်မှာထုတ်တဲ့ ကာဖျူး၊ ဗိုလ်မှူးဗထူးနှင့် သတ္တုတွင်း ဦးဆောင်ညွန်ကြားရေးမှူး

ခေတ်ကြီးကလည်း ရှုပ်ရှုပ်ယှက်ယှက်မို့ ခေါင်းစဉ်ကလည်း ရှုပ်ရှုပ်ယှက်ယှက် ပေးလိုက်တာပါ။ သတင်းတွေကလည်း တစ်နေ့တစ်မျိုး မရိုးရအောင် ရှိနေတာမို့ တစ်နေ့၊ တစ်ရက်၊ တစ်မနက် နောက်ကျသွားရင်ပဲ လောကကြီးနဲ့ အဆက်ပြတ်သွားတတ်ပါတယ်။ အားလုံးသိကြတဲ့အတိုင်း ဒီတစ်ပတ်ကတော့ သတင်းတွေ မြိုင်မြိုင်ဆိုင်ဆိုင် တက်လာကြတဲ့ ရက်သတ္တပတ်ပါပဲ။ အင်္ဂလိပ် စကားပုံ တစ်ခုကတော့ 'No news is good news' ဘာသတင်းမှ မကြားရတာ ကောင်းတဲ့ လက္ခဏာတဲ့။ ဟုတ်တော့လည်း ဟုတ်သားပဲ။ သတင်းဆိုတာ လူတွေက အနိဋ္ဌာရုံတွေ၊ သာမန်ထက် ပိုတဲ့၊ ဖြစ်လေ့ဖြစ်ထမရှိတဲ့ အကြောင်းတွေကို သိချင်ကြတာ မဟုတ်လား။ အဖေအရင်းက သမီးကို ကျောင်းလိုက်ပို့တာ သတင်းမှ မဟုတ်ဘဲ၊

mgyoe.com

အားလုံး ဒီလိုပဲ လုပ်နေကျ မဟုတ်လား။ အဲ၊ အဖေအရင်းက သမီးကို ပြန်ပြီး ခွေးကျင့်ခွေးကြံ ကြံပြီဆိုရင် သေချာတယ် ဒါဟာ သတင်းပဲ ဆိုပြီး ရေးကြ သားကြ ဖြန့်ချိကြတာ မဟုတ်လား။ နိုင်ငံတော်ဘဏ္ဍာငွေထဲက ဝန်ထမ်းတွေ ခိုးကြတာ သတင်းမှ မဟုတ်ဘဲ၊ ဒီလိုပဲ ခိုးနေကြတာ နှစ်ပေါင်း ရာစုနှစ် တစ်ဝက်လောက်ချီ ကြာခဲ့ပြီ မဟုတ်လား။ အဲဒီဝန်ထမ်းအချို့ကို တရားဥပဒေအရ အရေးယူလိုက်ပြီ ဆိုတာနဲ့ သတင်းတွေကို ဖြစ်ကုန်ရော။ ဘယ်ဌာနက ဘယ်ရာထူးပိုင်ရှင်ကြီးကိုတော့ ဘယ်ပုဒ်မနဲ့ အရေးယူလိုက်ပြီတဲ့ဟာ၊ တကယ်ဆော်သဟာ၊ စက္ကူကျား မဟုတ်ဘူးဟာ၊ ငါးအကြီးကြီးတွေ၊ ငါးအလတ်တွေ ကြော်ကုန်ပြီဟာ၊ ငါးကြော်တွေ ပေါ်လာပြီဟ စသည်ဖြင့် လူတွေက တအံ့တသြ ဖြစ်ကြတာက သတင်းပါ။ ဘယ်နေရာမှာ ဘယ်သူ သေလို့၊ ဘယ်သူ ဘယ်သူ့ကို ရိုက်လုလို့၊ ဘယ်အိမ်ကိုတော့ ဓားပြတိုက်သွားလို့ စတဲ့ သတင်းတွေကို၊ အနိဋ္ဌာရုံတွေကို လူတွေက စိတ်ဝင်စားကြတာပါ။ ဒါ့ကြောင့်အဲဒီလိုကျော်မကောင်းကြားမကောင်းဘာသတင်းမှ မကြားရခြင်းဟာ သတင်းကောင်းပဲ (ဘာသတင်းမှ မကြားရတာ သတင်းကောင်းပဲ) လို့ အင်္ဂလိပ်တွေက ဆိုလိုခြင်း ဖြစ်ပါလိမ့်မယ်။ ဒီတစ်ပတ်တော့ မြန်မာနိုင်ငံမှာ သတင်းတွေ လှိုင်လှိုင်ထွက်နေလေတော့ တိုင်းပြည်အတွက် သတင်းကောင်းတော့ မဟုတ်ပေဘူးပေါ့လေ ။

မင်းထင်ကိုကိုကြီးကို တပ်မတော်က တရားစွဲသတဲ့။ မူလက ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆(ဃ)နဲ့ စွဲခဲ့ပေမယ့် ဧပြီ ၃ ရက်နေ့မှာတော့ ထောင် ၁၀ နှစ်အထိ ချမှတ်နိုင်တဲ့ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(က) နဲ့ တရားရုံးကို ဦးတိုက်လျှောက်ထားတယ်လို့ သိရပါတယ်။ ၂၀၁၉ ဖေဖော်ဝါရီ ၁၅ ရက်မှ မတ်လ ၂၂ ရက် ကာလအတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဓာတ်ပုံနဲ့ တပ်မတော်သားများရဲ့ ဓာတ်ပုံများကို ပူးတွဲဖော်ပြပြီး တင်ခဲ့သည့် ပို့စ် ၁၀ ခုနဲ့ ပတ်သက်ပြီး မတ်လ ၂၉ ရက်နေ့က ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး လင်းထွန်းက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)နဲ့တရားစွဲခဲ့ပြီး ထပ်မံ၍ ပုဒ်မ ၅၀၅(က)နဲ့ တရားစွဲဖို့ ဦးတိုက်လျှောက်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီစွဲဆိုမှုတွေအတွက် ရဲစခန်းက မင်းထင်ကိုကိုကြီးကို အာမခံပေးခဲ့ပါတယ်။ အမှား၊ အမှန်ကတော့ တရားရုံးက ဆုံးဖြတ်ပါလိမ့်မယ်။ တစ်ခုတော့ ရှိတာပေါ့။ ဖေ့စ်ဘွတ်ပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်ကို ရစရာမရှိအောင် ရေးတာတွေ၊ ဦးဝင်းမြင့်တို့ကို ရေးတာတွေလည်း တွေ့နေရတယ်။ အဲဒါတွေအားလုံး လိုက်တရားစွဲနေ

mgyoe.com

ရရင်လည်း တရားစွဲကိုယ်စားလှယ်တစ်ယောက် သတ်သတ် ထားရမလို ဖြစ်နေပါတယ်။ ကောင်းတာတော့ မသိချင်ယောင်ဆောင် နေနိုင်ရင် အကောင်းဆုံးပါ။

မိုလ်ချုပ်ခင်ညွန့်ကို သက်ကြီးစာပေပညာရှင်အဖြစ် ကန်တော့ကြတုန်းက စာရေးဆရာဖြစ်ဖို့ လွယ်လွယ်နဲ့ မရနိုင်ဘူးလို့ ဥပမာလေးတစ်ခု ပေးပြီး ရေးမိတာကို ဘူးလက်လှဆွေတို့အဖွဲ့က နာလုံးတွေ ပေါက်ပြီး အုံနဲ့ကျင်းနဲ့ ဝိုင်းပြီး ဖေ့စ်ဘွတ်မှာ ဆော်ကြ၊ ပလော်ကြ၊ မိုက်မိုက်ရိုင်းရိုင်းတွေ ရေးကြတာပဲ။ ဒါပေမဲ့ ခွေးလှေး ခုန်လို့ ဖုန်မထ ဆိုတဲ့ စကားပုံလို သူတို့ ပြောနေ၊ ရေးနေတာတွေဟာ ဘာမှ အရေးအရာ လုပ်လောက်စရာ အချက်အလက် ခိုင်ခိုင်မာမာ မပါဘဲ တောရမ်းမယ်ဘွဲ့ လျှောက်ရေးထားတာကြောင့် သူတို့နဲ့ အဆင့်တူ ဖြစ်သွားမှာစိုးလို့ ကျွန်တော် ဘာတစ်ခွန်းမှ ပြန်မရေးခဲ့ပါဘူး ။ တရားစွဲဖို့ဆိုတာ ဝေလာဝေးပါ ။ စွဲမယ်ဆိုရင် screenshot တွေနဲ့ သူတို့မိုက်ရိုင်းတာတွေ တိတိကျကျ ရှိနေတာပဲ။ စွဲလို့ ရတာပေါ့ ။ သို့သော် ယောမင်းကြီးဦးဘိုးလှိုင်က မြင်းထိန်းတောကို ပြောသလို "ရှော့... ပုဆိုးတစ်ထည်၊ နောက် ငါ့ကျမ်းစာတွေအကြောင်း ကောင်းသည်၊ ဆိုးသည် မဝေဖန်လေနဲ့" ဆိုတဲ့ စကားကို နမူနာယူမိပါတယ်။ ပညာရှိတဲ့သူဟာ ဉာဏ်မရှိတဲ့သူနဲ့ ဖက်ပြိုင် မငြင်းချင်ဘူး။ ဉာဏ်မမီတဲ့ လူတစ်ယောက် ထောက်ခံတာရော၊ ကန့်ကွက်တာရောဟာ ပညာရှိတွေအတွက် ဘောင်မဝင်တဲ့ စကားတွေလို့ သတ်မှတ်ပါတယ်။ ဘူးလက်လှဆွေတို့အဖွဲ့တွေ၊ ပြည်မြို့က စစ်မှုထမ်းဟောင်းဆိုသူ တစ်ယောက်ရဲ့ ဗီဒီယိုဖိုင်တွေ ဆိုရင် ဘာမှ အရေးမပါတဲ့ ဦးနှောက်ပိုင်ရှင်တွေ ဖြစ်လို့ လုံး၀ ၁၀၀ ရာခိုင်နှုန်း လျစ်လျူရှုခဲ့ပါတယ်။ မှန်ကန်တဲ့ ဝေဖန်ထောက်ပြချက်တွေကိုတော့ အလေးထားပါတယ်။ ဘောင်မဝင်တဲ့ ဝေဖန်ချက်တွေကိုတော့ လျစ်လျူရှုသင့်ပါတယ်။

မင်းထင်ကိုကိုကြီးကို တပ်မတော်ကိုယ်စား တရားစွဲတယ် ဆိုတာလည်း သူ့ခံယူချက်နဲ့ သူပေါ့။ လူဟာ ချိတ်ချိတ်ချင်း ငြိတတ်ပါတယ်။ တန်းတူမှ ကန်လို့ရပါတယ်။ ပရိုးမိုးယားလိဂ်နဲ့ ရပ်ကွေးဘောလုံးအသင်း ချိန်းကန်လို့ မရပါ။ ရပ်ကွေးက ချိန်းပေမယ့် ပရိုးမိုးယားလိဂ်က လူတွေက လာမှာ မဟုတ်ပါ။ အဲဒါကိုလက်ခမောင်းခတ်ပြီး ငါ့ကိုကြောက်လို့ မလာဘူးလို့ အိုးစည်ဗုံမောင်းတီးရင်တော့ အကြောင်းသိတွေက ရယ်ကြပါလိမ့်မယ်။ ဆိုလိုချင်တာက ထစ်ခနဲရှိ တရားစွဲနေတာ ကိုယ်မပြည့်ဝတာကို ဖော်ညွှန်းနေသလို ရှိကြောင်းကို ဆိုလိုတာပါ။

mgyoe.com

mgyoe.com

ရခိုင်မှာတော့ ပြည်နယ် မြောက်ပိုင်း ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မင်းပြားမြို့နယ် ၊ မြောက်ဦးမြို့နယ်တွေမှာ ညကိုးနာရီကနေ မနက် ငါးနာရီ ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ကို ၂၀၁၉ ဧပြီလ ၂ ရက်နေ့မှာ ထုတ်ပြန်လိုက်တယ်လို့ သိရပါတယ်။ ဘယ်သူတွေ မှားတယ်၊ မှန်တယ် မပြောလိုဘူး။ ဒါပေမဲ့ ဒီဒေသဟာတော့ ခရီးသွားလုပ်ငန်း ရှုထောင့်ကကြည့်ရင် ဘယ်လိုမှ မလုံခြုံတော့ဘူး ဆိုတာ မီးမောင်းထိုးပြလိုက်တာပါ။

အရင်က ကျွန်တော်ဟာ တိုးရစ်ဂိုဒ်ဘဝနဲ့ မြောက်ဦးကို ခဏခဏရောက်ဖူးပါတယ်။ စစ်တွေလေယာဉ်မီအောင် မနက်စောစောလေးနာရီလောက်မြောက်ဦးက မော်တော်နဲ့ ထွက်မှ စိတ်ချရပါတယ်။ လေးနာရီလောက် မြောက်ဦးဆိပ်ကမ်းက ထွက်နိုင်ဖို့ မနက် သုံးနာရီလောက်ကတည်းက ထပြီး ဟိုတယ်ကသုံးနာရီခွဲလောက်မှာဂျစ်ကားနဲ့ ထွက်လာရတာပါ။ ရန်ကုန်ကလာတုန်းကလည်းစစ်တွေကနေ နေ့လယ် နှစ်နာရီလောက်မှ လေယာဉ်ဆိုက်၊ မော်တော်ဆိပ်ဆပ်ရိုးကျချောင်းကို တန်းမောင်း၊ အကြာကြီး မော်တော်စီး၊ မြောက်ဦးကို ညရှစ်နာရီ၊ တစ်ခါတလေ ကိုးနာရီ၊ ၁၀ နာရီလောက်မှ ရောက်တာပါ။ ဒါ့ကြောင့်ကိုးနာရီ မထွက်ရအမိန့်၊ မနက် ငါးနာရီမတိုင်ခင် မထွက်ရအမိန့်ဟာ အသက်ငင်လုဆဲဆဲ မြောက်ဦးရဲ့ ခရီးသွားလုပ်ငန်းကိုအသက်ထွက်အောင်ကူညီပေးလိုက်တဲ့နောက်ဆုံး သေဆေးတစ်ခွက်ပါပဲ။ အခြားအရောင်းအဝယ် အလုပ်အကိုင်တွေလည်း ဒုက္ခရောက်တော့မှာပါ။ ဘင်္ဂါလီအရေးတုန်းကတောင် ခုလောက်ကြီးကာဖျူးတွေ မကြားခဲ့ရပါဘူး ။

ကိုယ့်တိုင်းရင်းသားအချင်းချင်း ဖြစ်နေတာတွေဟာ စိတ်ချမ်းသာစရာ တစ်စက်မှ မရှိပါဘူး။ သေချာတာကတော့ လက်နက်ကိုင်ပြီး တိုက်ပွဲဝင်လို့ အောင်မြင်တဲ့ တော်လှန်ရေးဆိုတာ မြန်မာပြည်မှာ ခုထိ မရှိခဲ့ပါဘူး။ ကွန်မြူနစ်တွေလည်း မအောင်မြင်ဘူး၊ တိုင်းရင်းသားတွေ အားလုံးလည်း ဘယ်သူမှတော်လှန်ရေးပြီးတဲ့အထိ မအောင်မြင်ကြဘူး။ လက်နက် စကိုင်ကြတုန်းကတော့ကိုယ့်လူမျိုး၊ ကိုယ့်ပြည်နယ် ကောင်းစားရေး။ နှစ်တွေ ကြာလာတဲ့အခါကျတော့လက်နက်ကိုင်ပြီး ဗိုလ်ကျရတဲ့ အရသာကို သိလာကြပြီး လက်နက် မစွန့်ချင်တော့ဘဲ စီးပွားဖြစ် လက်နက်ကိုင်နေကြတာဟာ ဒီနေ့မြန်မာနိုင်ငံရဲ့ ပြည်နယ်အသီးသီးမှာ မမြင်ချင်အဆုံးပါ။ ရခိုင်မှာလည်း အရင်က လက်နက်ကိုင်တိုက်ပွဲဆိုတာ မရှိခဲ့ဘူး။ အခု လက်နက်ကိုင်ပြီး ခံချပြီ။ ကိုယ့်လူမျိုးတွေဘဝ ပိုကောင်းလာသလား၊ ပိုဆိုးသွားပြီလား ဆိုတာ အရှိကို အရှိအတိုင်း တွေးကြည့်ကြဖို့ပါပဲ။

mgyoe.com

ရခိုင်ဘက်မှာ တိုက်ပွဲတွေ ပြင်းထန်နေချိန်မှာ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့မှာလည်း ပြတ်ပြတ်သားသား ဆော်နေပါတယ်။ ဘယ်သူ့ကို ဆော်တာလဲ ဆိုရင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ရဲ့ ဖက်ဆစ်ဆန့်ကျင်ရေး အထက်မြန်မာပြည် စစ်တိုင်းမှူး (စစ်ရေးတာဝန်ခံ) ဗိုလ်မှူးဗထူး အထိမ်းအမှတ် ကျောက်တိုင်ကို လမ်းဖောက်ဖို့ မလွတ်လို့ ဆိုပြီး ရှမ်းပြည်နယ်အစိုးရ အာဏာပိုင်တွေက ဘက်ဟိုးနဲ့ ထိုးချ ဖြိုဖျက်လိုက်ခြင်းပါပဲ။ ပြတ်သားချက်နော်။ ရှေးဟောင်း အမွေအနှစ်တွေ ဘာတွေ၊ ဖက်ဆစ်တော်လှန်ရေးတွေ ဘာတွေ လုပ်မနေနဲ့။ နောက်တော့ သင့်တော်တဲ့နေရာမှာ ကျောက်တိုင်အသစ် ပြန်လုပ်ပေးမယ်တဲ့။ ဒေါ်အောင်ဆန်းစုကြည် တပည့်အချို့ဟာ ပထဝီ မသိ၊ သမိုင်းကြောင်း မသိ၊ ရှေးဟောင်းတန်ဖိုး နားမလည်သူတွေ ဖြစ်နေပြီလားလို့ တွေးမိပါတယ်။ အသစ်ပြန်လုပ်တာကတော့ လွယ်တာပေါ့။ မူရင်းကျောက်တိုင်ကို အလုံးအထည်မပျက် နေရာအသစ်မှာ ပြန်စိုက်ဖို့ ကြိုးစားရမယ့်ဟာကို ဘူဒိုဇာနဲ့ထိုးချ၊ အုတ်တွေ တစ်စစီကြွေ၊ မူရင်းကျောက်တိုင် ပျက်စီး ဆိုတာတော့ အင်မတန် ဝမ်းနည်းစရာ ကောင်းပါတယ် ။ ရုပ်ဝတ္ထုပစ္စည်းလောက်ပဲ မြင်ပြီး သမိုင်းတန်ဖိုးကို မသိသူတွေ အာဏာရလာတာဟာ အရင်စစ်အစိုးရခေတ်နဲ့ အတူတူပါပဲလားလို့ တွေးမိပါရဲ့ ။

နောက်ဆုံး ထောက်ပြချင်တဲ့ သတင်းကတော့ အမှတ်(၂) သတ္တုတွင်းဝန်ကြီးဌာနရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်ကို၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆ နဲ့ အရေးယူလိုက်ပြီ ဆိုတဲ့ သတင်းပါပဲ။ ဦးသံဒိုင် အပေါ် စွဲချက်နှစ်ခုကတော့ အိမ်ဆောက်တဲ့အခါမှာ အိမ်ကို မြေဖို့ဖို့ ပိုက်ဆံ မပေးဘဲ ဆောက်လုပ်ရေးကုမ္ပဏီကို ခိုင်းစေခဲ့ခြင်း (ကုန်ကျငွေ ကျပ် ၃၂ သိန်းကျော်)၊ ဦးသံဒိုင်မိသားစု ငပလီကို အပန်းဖြေခရီးသွားရာမှာ ဟိုတယ်မှာ တည်းခိုစားသောက်စားရိတ် (ကုန်ကျငွေ ၄၂ သိန်းခန့် ) ကို ကုမ္ပဏီကို ကျခံစေခြင်းတို့ စုံစမ်းပေါ်ပေါက်တယ်လို့ သိရပါတယ်။ ဦးသံဒိုင်ဟာ ဒီအတွက်နဲ့ သံတိုင်တွေ နောက်ကို ရောက်ရပြီ ဖြစ်ပါတယ်။ ပိုက်ဆံ ၇၄ သိန်းလောက် ပါးပါးလေး စားတာကို သံတိုင်နောက်ကို ထူးထူးခြားခြား ရောက်ရပြီ ဆိုတော့ ဦးသံဒိုင် ကံဆိုးတာ သက်သက်ပဲလို့ ပြောရမလို ဖြစ်နေပါပြီ။ စီးပွားရေးလောကမှာ အဘာတွေ သွားလေရာကို စီးပွားရေးသမားကြီးတွေက ငွေထုပ် ပိုက်ပြီး နောက်က လိုက်ရှင်းကြတာ အပြိုင်အဆိုင်ပါပဲ။ NLD အစိုးရ တက်လာခါစတုန်းက

mgyoe.com SAMPLE BOOK

နေပြည်တော်သင်္ကြန် စကိုင်းနက်မဏ္ဍပ်မှာတောင် ပွဲတက်လာတဲ့ ဝန်ကြီးများကို စာအိတ်တွေနဲ့ မုန့်ဖိုးတွေ ပေးကြပါသေးတယ်။ နောက်မှ ဒီပိုက်ဆံတွေ ဘာလို့ ပေးပါလိမ့် ဆိုပြီး (ဝန်ကြီးဖြစ်ခါစတွေဆိုတော့ ခွင်ကို မသိသေး) ပိုက်ဆံတွေ ပြန်ပေးကြပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနလို ခရိုနီတွေ သားရေတများများ ကျရတဲ့ ဌာန က ဦးဆောင်ညွှန်ကြားရေးမှူးတစ်ယောက်ရဲ့ အဂတိခွင်ဟာ ဒီလောက် ကနိုင် မယ် မထင်ပါ။ လာဘ်စားသူဟာလည်း သူတစ်ယောက်တည်း ဟုတ်ဟန် မတူပါ။ အဂတိတိုက်ဖျက်ရေး ကော်မရှင်အနေနဲ့ အပေါ်ယံ အဆင့်လောက်မှာတင် ရပ်မနေဘဲ အတွင်းသားအထိ တူးကြည့်ဖို့တော့ လိုမှာ ဖြစ်ပါတယ်။ မြေဖိုတာ လေးလောက်၊ ဟိုတယ်အခန်းခလောက်ကို အဂတိလို့ ကြွေးကြော်မယ်ဆိုရင် အဲဒါဟာ အဂတိ ဆိုတဲ့ အစ်ကိုကြီး – ညီလေး၊ အဘ – ငါ့တူ ဇာတ်လမ်းတွေရဲ့ ရောမတောင်ထိပ်ကြီးဆီ တက်သော လှေကားမှာ ဦးသံဒိုင်သည် ပထမဆုံး လှေကားထစ် သေးသေးကလေးသာ ဖြစ်ပါတယ်လို့၊ မြန်မာပြည်မှာ ဦးသံဒိုင်ပေါင်း များစွာ ပန်းပန်လျက်၊ အနေအစားမပျက် ရှိနေပါကြောင်း။

(၈–၄–၂၀၁၉ Weekly Headline ဂျာနယ်)

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူ

၂၀၁၉ မတ်လ ၃၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်တိုင်း စည်ပင်သာယာ ရွေးကောက်ပွဲများတွင် NLD ပါတီ ကိုယ်စားပြု ယှဉ်ပြိုင်သူ အားလုံးနီးပါး အနိုင်ရရှိခဲ့သည်။ ဆိပ်ကမ်းမြို့နယ် စည်ပင်ဥက္ကဋ္ဌနေရာမှအပ NLD ပါတီမှ စည်ပင်သာယာ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်းများအားလုံး ရွေးချယ်ခံခဲ့ကြရပြီး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သော ဒေါက်တာ ဦးခင်လှိုင်၊ အလှမယ် ထက်ထက်ထွန်း စသူတို့မှာ ရွေးကောက်ပွဲမတိုင်မီ ကျော်ကြားခဲ့ကြသော်လည်း အရွေးချယ် မခံခဲ့ကြရပေ။ နိုင်ငံခြားပြန် ဆိုသော လူငယ်လေးသည်လည်းကောင်း၊ အခြားသောသူများသည်လည်းကောင်း NLD ၏ အရှိန်အဝါကို မကျော်နိုင်ဘဲ နောက်ကောက်ကျခဲ့ကြပေသည်။ စည်ပင်ရွေးကောက်ပွဲတွင် မဲသွားပေးသောအခါ ဆန္ဒပြုရမည့် မဲလက်မှတ်ပေါ်တွင် လူနာမည်တွေဘေး၌ NLD ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် NLD ပါတီ လိုဂိုတံဆိပ်များကို ထင်ရှားစွာ ဖော်ပြထားသည်။ ခွပ်ဒေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

နှင့်ကြယ်ဖြူကို မြင်ကြရသည်။ ပါတီကျောထောက်နောက်ခံ မရှိသော တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများကတော့ လူနာမည်ဘေးရှိ ကွက်လပ်ထဲတွင် သူတို့ ဓာတ်ပုံကို ဖော်ပြကြသည်။

မဲပေးခန်းထဲတွင် ရာထူးနေရာ လေးမျိုးအတွက် မတူညီသော မဲလက်မှတ် လေးမျိုးကို လေးကြိမ်တိတိ မဲပေးရခြင်းဖြစ်ရာ မြောက်ဥက္ကလာမှ ကျွန်တော် သိသော NLD နှစ်ယောက်ကို မဲပေးလိုက်သည်။ ကျန်နှစ်နေရာကို မည်သူ့ကို ပေးရမှန်း မသိသဖြင့် မဲလက်မှတ်တွင် ပါသော ဓာတ်ပုံများကို ကျွန်တော် သေသေ ချာချာ ကြည့်သည်။ သူတို့အကြောင်းလည်း ရေရေရာရာ ဘာမျှမသိ။ လူချင်း လည်း မသိ၊ မြင်ဖူး ကြားဖူးလည်း မဟုတ်ကြ။ ထိုအခါ ကျွန်တော် မဲပေးရန် ရွေးချယ်ပုံမှာ ရှင်းလင်းလွယ်ကူသည်။ သူတို့ဓာတ်ပုံများကို ကြည့်သည်။ ခပ်ဝဝ လူဆိုလျှင် မဲမပေးပါ။ သူ အစာအာဟာရ ပြည့်ဝနေသည်။ စားလို့ ဝလောက်ပြီ။ ကိုယ်စားလှယ်လောင်း ဓာတ်ပုံထဲမှ အပိန်ဆုံးလူကို ရွေးသည်။ ဒီလူသည် ဘဝ တစ်လျှောက်လုံး လောက်လောက်လားလား မစားခဲ့ရသေး (ဝါ) အစားနည်း သည်။ ထို့ကြောင့် ပိန်သောသူကို မဲပေးသည်။ ထိုနည်းနှင့် ရွေးလိုက်သောအခါ လက်ကျန် မဲလက်မှတ် နှစ်စောင်အတွက် လွယ်ကူစွာ ရွေးချယ်၍ ရသွားသည်။ သို့သော် ထိုလူနှစ်ယောက်လည်း မဲနိုင်သည် မဟုတ်။ NLD ကိုယ်စားလှယ် လေးယောက်စလုံး ကိုယ့်မြို့နယ်မှာ နိုင်သွားပါသည် ။

ကျွန်တော့်တစ်သက်တွင် လေးကြိမ်တိတိ မဲရုံတွင် မဲထည့်ဖူးသည်။ ၁၉၉၀ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲတွင် ပြည်မြို့၌ မဲပေးရသည်။ ဘဝတွင် ပထမဆုံးအကြိမ် မဲပေးဖူးခြင်း ဖြစ်သည်။ NLD ပါတီထောင်ခါစ အချိန် ဖြစ်သည်။ အဓိကပြိုင်ဘက်အဖြစ် NLD နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ (တစည) ယှဉ်ပြိုင်ရသည်။ NLD ကို မဲပေးခဲ့သည်။ တစ်ပြည်လုံးမှာ NLD နိုင်သည်။ ထင်သလို ဖြစ်မလာသောကြောင့် န.ဝ.တ စစ်အစိုးရက NLD ကို အစိုးရဖွဲ့ခွင့် မပေးခဲ့ပါ။ လွှတ်တော် ခေါ်မပေးပါ။ အာဏာ လွှဲမပေးပါ။ အာဏာ လွှဲဖို့ ရွေးကောက်ပွဲလုပ်တာ မဟုတ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲဖို့ ရွေးကောက်ပွဲ လုပ်တာဟု ပြောင်းလိမ်ပြောင်းစား လုပ်ခဲ့သည်။ ဒါဆို ရွေးကောက်ပွဲမှာ နိုင်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆွဲကြမည် ဆိုတော့လည်း လက်မခံ။ ဟိုလိုလို သည်လိုလို အချိန်ဆွဲသည်။ အမတ်တွေကို အကြောင်းအမျိုးမျိုးပြကာ ပုဒ်မမျိုးစုံ တပ်၍ ဖမ်းသည်။ အမျိုးသားညီလာခံ ဆိုတာကိုလည်း သူတို့စိတ်ကြိုက် လက်ညှိုးထောင်၊

mgyoe.com

ခေါင်းညိတ်လူများဖြင့် ခေါ်ယူကာ အတင်းအဓမ္မ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကြီးကို မြန်မာပြည်သူပြည်သား အားလုံးနီးပါးက ထောက်ခံသယောင်၊ ၉၃ ဒသမ ၈၂ ရာခိုင်နှုန်းကပဲ ထောက်ခံခဲ့ကြသယောင် လုပ်ဇာတ်ခင်းခဲ့ကြသည်။ သေချာတာကတော့ ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြောင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို မိုးထဲ ရေထဲ ၂၀၀၈ မေလ ၁၀ ရက်မှာ လုပ်တော့ ကျွန်တော် မဲသွားမပေး။ ကျွန်တော့်ဇနီးလည်း မဲသွားမပေးခဲ့သဖြင့် ထိုထောက်ခံသည် ဆိုသော လူစုထဲတွင် ကျွန်တော်တို့ မပါ။ လူပေါင်း သိန်းနှင့်ချီ၍ သေသော နာဂစ်မုန်တိုင်းကြီး မေလ ၂ ရက်နေ့မှာ တိုက်ခတ်၊ လူတွေ သေကြ ကျေကြ၊ အိမ်တွေ ပြိုကြ၊ ဓာတ်တိုင်တွေ လဲကြ၊ လျှပ်စစ်မီးတွေ အားလုံးပြတ်ကြ၊ သစ်ပင်ကြီးတွေ လဲကြ၊ လမ်းတွေ ပိတ်ကြ၊ စားစရာတွေ ရှားပါးကြ၊ အငတ်ဘေးတွေ ဆိုက်ကြ၊ ကယ်ဆယ်ရေးအတွက် ပြေးကြလွှားကြ။ တိုင်းပြည် ကမောက်ကမ ဖြစ်နေဆဲတွင် စစ်ဗိုလ်ချုပ်တစ်သိုက်ကတော့ သူတို့တာဝ နေ့ရေး စိတ်အေးရမည့် ၂၀၀၈ ဖွဲ့စည်းပုံကိုပဲ အတည်ပြုရန် အားကျိုးမာန်တက် ဆောင်ရွက်နေခဲ့ပါသည်။ မဲသွားမထည့်သူ များစွာ ရှိသည်။ မည်သည့်နည်းဖြင့် ၉၃ ဒသမ ၈၂ တွေ ဖြစ်ကုန်တာလည်း မသိပါ။ ယုတ္တိ လုံးဝမရှိသော ကိန်းဂဏန်း အချက်အလက် ဖြစ်ပါသည် ။

၂၀၁၀ တွင် ဒုတိယအကြိမ် မဲပေးခဲ့ဖူးပါသည်။ NLD မပါသော ရွေးကောက်ပွဲ ဖြစ်သဖြင့် အဓိကပြိုင်ဘက်မှာ NDF နှင့် ကြံ့ခိုင်ရေးပါတီ ဖြစ်သည်။ NDF ကို မဲထည့်ခဲ့ပါသည်။ မဲရုံထဲတွင် ယောင်ချာချာ ဖြစ်ရသည်မှာ ကိုယ်စားလှယ်လောင်းတွေကို သေသေချာချာ ရေရေရာရာ မသိ ။ NDF ပါတီ၏ ရွေးကောက်ပွဲ တံဆိပ်မှာ ခမောက် ဖြစ်သည်။ ခမောက်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် NLD ပါတီ၏ တံဆိပ် ဖြစ်သည်။ ကိုယ်စားလှယ်များ၏ အမည်ကို လျှောက်ဖတ်ကြည့်ရာ ဒေါ်ခင်ဝိုင်းကြည် ဆိုသော အမည်ကို တွေ့သည်။ ရွေးကောက်ပွဲတွေမှာ အမျိုးသမီးတွေကိုပဲ အမြဲအားပေးသင့်တယ် ဆိုသော တစ်သက်တာစာပေဆရာ ဦးဌေးမောင်၏ အယူဝါဒကို ကြားယောင်မိသည်ကတစ်ကြောင်း၊ ခင်ဝိုင်းကြည် ဆိုသော နာမည်လှလှလေး ပိုင်ရှင်သည် မည်သို့မျှ မဟုတ်က ဟုတ်က ဖောက်ပြန်ရေးတွေ လုပ်မှာ မဟုတ်ဘူးဟု (နာမည်ကိုကြည့်ကာ လူကို မမြင်ဖူးဘဲ) ခင်ဝိုင်းကြည်ကို မဲထည့်ခဲ့ပါသည်။ ထိုအနီ ဒေါ်ခင်ဝိုင်းကြည်လည်း (၂၀၁၀ မှ ၂၀၁၅ အထိ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်လာပါသည်။ သောက်ကျိုးနည်း အရွေး

mgoe.com

မှားခြင်း ဖြစ်သည်။ ဒေါ်ခင်ဝိုင်းကြည် ကောင်း၏၊ ဆိုး၏ကတော့ စာဖတ်သူများ အသိပဲ ဖြစ်သဖြင့် ဘာမှ ရေးမပြလိုတော့ပါ။ ဒါက ဘဝတွင် ဒုတိယအကြိမ် မဲပေးမိခြင်း ဖြစ်သည် ။

၂၀၁၅ ရွေးကောက်ပွဲတွင် တစ်ကြိမ် မဲပေးခွင့် ကြုံရပြန်လေသည်။ ဒီတစ်ကြိမ်တော့ NLD ပါတီ ရွေးကောက်ပွဲမှာ ပါလာပေသည်။ အဓိကယှဉ်ပြိုင်မည့် ပါတီကြီး နှစ်ခုသည်လည်း NLD နှင့်ကြံ့ခိုင်ရေးပင် ဖြစ်တော့သည်။ ကျွန်တော်တို့စာရေးဆရာများ၊ အနုပညာရှင် တော်တော်များများက NLD ကို ထောက်ခံသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးသံယောဇဉ်နှင့် NLDကို ထောက်ခံခြင်း ဖြစ်ကြသော်လည်း ကျွန်တော် တစ်ယောက်တည်း အမြင်က ထိုသို့မဟုတ်။ တပ်မတော်နှင့် ကြံ့ခိုင်ရေးပါတီမှာ မဟာမိတ်အသွင် ဆောင်နေသောကြောင့် NLD ကို ကျွန်တော် မဲထည့်ခြင်း ဖြစ်သည်။ ဘယ်အရာပဲဖြစ်ဖြစ် တရားသော ယှဉ်ပြိုင်မှုကိုပဲ လိုလားသည်။ တရားနည်းလမ်းတကျ ယှဉ်ပြိုင်မည် ဆိုလျှင် မည်သူ့ဘက်ကိုမှ လိုက်စရာမရှိ။ သို့သော် သေသေချာချာ စဉ်းစားကြည့်သော အခါ ကွာခြားမှုတွေ တွေ့လာရသည်။ တပ်မတော်နှင့် ပြည်ခိုင်ဖြိုးပါတီသည် ထွေးရောယှက်တင်ရှိလှသည်၊ တပ်မတော်က လူတွေ (ယူနီဖောင်းချွတ်၍) ပြည်ခိုင်ဖြိုး ပါတီမှာ အများစု ထိပ်တန်းနေရာများတွင် ပါနေကြသည်။ ပြည်ခိုင်ဖြိုးပါတီ ခေါင်းဆောင်များဖြစ်သော ဗိုလ်ချုပ်ကြီးများသည် ယခင် တပ်မတော်တွင် ရှိစဉ်က ပြည်ခိုင်ဖြိုးအသင်းကြီးဘဝတွင် ခေါင်းဆောင်များ ဖြစ်ကြသည်။

ဘူးလက်လှဆွေတို့လို လူတွေကလည်း ပြည်ခိုင်ဖြိုးပါတီသည် ရွေးကောက်ပွဲတွင် ၂၆ ရာခိုင်နှုန်း နိုင်လျှင်ပင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနှင့် ပေါင်း၍ (လွှတ်တော်တွင်း ထက်ဝက်ကျော် ဆန္ဒမဲ ၅၁ ရာခိုင်နှုန်းဖြင့်) သမ္မတ ရွေးနိုင်သည်၊ အစိုးရဖွဲ့နိုင်သည်ဟု ပြောခဲ့သည်။ သင်္ချာနည်း အရ တွက်ကြည့်လျှင်လည်း သူပြောတာ မှန်သည်၊ ယုတ္တိဗေဒနည်းဖြင့် တွက်လျှင် လည်း မှန်သည်။ ထိုအခါ တပ်မတော်သည် ကြားနေ အဖွဲ့အစည်းစစ်စစ် အနေ ဖြင့် တရားဝင် ကြေညာချက် ထုတ်သင့်သည်မှာ တပ်မတော်သည် ပြည်ခိုင်ဖြိုး ပါတီနှင့် မဟာမိတ် မဟုတ်ကြောင်း၊ တစ်ဖွဲ့တည်း မဟုတ်ကြောင်း၊ ဘူးလက် လှဆွေ သူ့သဘော သူဆောင်၍ စိတ်ကူးပေါက်ရာ ပြောခြင်းဖြစ်ကြောင်း ပြောကြား သင့်ပါသည်။ ထိုမှသာ တပ်မတော်သည် ကြားနေအဖွဲ့အစည်းစစ်စစ်၊ အမျိုးသား နိုင်ငံရေး အဖွဲ့အစည်းစစ်စစ် ဖြစ်ပါမည်။ ပါတီတစ်ခုက ၅၁ ရာခိုင်နှုန်း ရွေးကောက်

mgyoe.com

ခံရမှ အစိုးရ ဖြစ်နိုင်ချိန်တွင် အခြားပါတီတစ်ခုက ၂၆ ရာခိုင်နှုန်း ရရုံဖြင့် အစိုးရဖွဲ့နိုင်ရေးတွင် တပ်မတော်က ကူညီမည်၊ ပူးပေါင်းမည် ဆိုခြင်းသည် ကြားနေအဖွဲ့အစည်း မဟုတ်နိုင်တော့ပေ။ ၅၁ % ရရေးနှင့် ၂၆ % ရရေး ယှဉ်ပြိုင်ရသောပွဲသည်လည်း မည်သို့မျှ တရားမျှတသောပြိုင်ပွဲ မဖြစ်နိုင်တော့ချေ ။ ထို့ကြောင့် လောကသစ္စာတရားအရ ဓမ္မနှင့် အဓမ္မ တိုက်ပွဲတွင် ဓမ္မဘက်က ဝင်ကူဖို့အရေးသည် မိမိကိုယ်ကိုယ် မနုသလူသားဟု သတ်မှတ်ထားသောသူ အားလုံး၏ မွေးရာပါလူ့တာဝန် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ရှိသည်ဖြစ်စေ၊ မရှိတော့သည်ဖြစ်စေထိုကဲ့သို့ မမျှတမှုကြီး ရှိနေသရွေ့ ဆတူအခွင့်အရေး မရရှာသော ပါတီအဖွဲ့အစည်းဘက်က ဝင်၍ အားပေး ထောက်ခံရပေမည်။ ဒါသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အားလုံး၏ သမိုင်းပေးတာဝန် ဖြစ်ပေသည်။

အကယ်တန္တ လွှတ်တော်ထဲတွင် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း မရှိတော့ဘူး ဆိုသော တစ်နေ့၊ သို့မဟုတ် ရှိနေသေးသော Appointed တပ်ကိုယ်စားလှယ်များသည် ပြည်ခိုင်ဖြိုးနှင့်ပေါင်း၍ ၂၅+၂၆ = အစိုးရ ဟူသော နိုင်ငံရေး အချောင်ခိုဖော်မြူလာကို တပ်ဘက်က လက်မခံနိုင်။ တပ်သည် ပါတီနိုင်ငံရေးနှင့် လုံးဝကင်းရှင်းသည်ဖြစ်၍ ပါတီတစ်ခုတည်းကို ကွက်၍ မဟာမိတ်လုပ်ခြင်းမျိုးကို လက်မခံပါ၊ သို့မဟုတ် ပြည်ခိုင်ဖြိုးပါတီနှင့် တပ်မတော်သည် တပေါင်းတစည်းတည်း မဟုတ်ဘဲ သီးခြားစီ ဖြစ်ပါသည် ဆိုတာကို ယုံကြည်လောက်သော အထောက်အထား ပြနိုင်လျှင်ဖြစ်စေ ကျွန်တော်တို့သည် NLD ကို ထောက်ခံ ဝန်းရံနေခြင်းအား ရပ်တန့်ပါမည်။ လိုအပ်လျှင် ပြည်ခိုင်ဖြိုးပါတီအတွက်လည်း (ထောက်ခံစရာအကွက် တွေ့ပါက) ထောက်ခံပေးပါမည်။ ဆိုလိုသည်မှာ ကြားနေရမည့် ဒိုင်လူကြီးကိုယ်တိုင် ဝင်ကန်နေသော ဘောလုံးပွဲတွင် ကျွန်တော်တို့ ပွဲကြည့်ပရိသတ်သည် ကြားမနေနိုင်ပါ။ ကြားနေနိုင်သည် ဆိုလျှင်လည်း မတရားမှုကို လက်သင့်ခံသော စိတ်ဓာတ်အခံရှိနေမှသာ လက်ခံ၍ ရပါမည်။ ကျွန်တော်တို့တွင် ဤစိတ်ဓာတ်မျိုး မွေးမြူ၍ မရပါ။ လက်ဝှေ့ကြိုးဝိုင်းထဲတွင် လဲကျသွားသော လက်ဝှေ့သမားနှစ်ယောက်ကို တစ်ဦးအား ၁၀ အထိ ရေတွက်၍ ပြန်ထခိုင်းပြီး နောက်တစ်ဦးအား ၂၀ အထိ ရေတွက်ပြီးမှ ပြန်ထခိုင်းလျှင် ထိုပွဲသည် တရားမျှတသောပွဲ မဟုတ်တော့ပါ။ ထို့ကြောင့် ဒိုင်အညစ်ခံရသောဘက်မှ လက်ဝှေ့သမားကို (မိမိနှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ) အားပေးရမည် ဖြစ်သည် ။ ဤနည်းဖြင့် ဤစိတ်ဖြင့် ၊ ဤခံယူချက်ဖြင့် ၁၉၉၀ မှ စကာ NLD ကို မဲပေးခဲ့ပါသည် ။

mgyoe.com

ဤသည်မှာ ပြီးခဲ့သော ရွေးကောက်ပွဲများတွင် မည်သည့်ခံယူချက်ဖြင့် မဲပေးခဲ့သနည်း ဆိုသည်ကို ရှင်းပြခြင်း ဖြစ်ပါသည်။ နိုင်ငံရေးအခင်းအကျင်း မပြောင်းသေးလျှင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း ထိုသို့ပဲ မဲပေး ရွေးချယ်သွားမည် ဖြစ်သည်။ ထို့ကြောင့် ဘယ်ရွေးကောက်ပွဲဖြစ်ဖြစ် NLD ကိုယ်စားလှယ်အများစု အနိုင်ရနေဦးမည် ဖြစ်သည်။ ထိုသို့ အနိုင်ရခြင်း၊ ရွေးချယ်ခံရခြင်းတွင် အဓိကကျေးဇူးတင်ရမည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်း စုကြည်၏ မျက်နှာ၊ လောလောဆယ် ဖြစ်ပေါ်နေသော နိုင်ငံရေး မတရားမှုကြီး များကြောင့် ဖြစ်ပါသည်။ NLD ကိုယ်စားလှယ်များ တော်လွန်း တတ်လွန်း၍ ပြည်သူလူထုက ရွေးချယ် မဲပေးခဲ့တာ မဟုတ်ဘူး ဆိုတာကို သိကြစေချင်ပါ သည်။ မှန်ရာကို ဝန်ခံရမည်ဆိုလျှင် NLD ပါတီတွင် ဒေါ်အောင်ဆန်းစုကြည် တစ်ယောက်သာ ကမ္ဘာ့အဆင့် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်နေပြီး သူ့တပည့်တွေ အများစုမှာ ခပ်ညံ့ညံ့တွေ ဖြစ်သည်။ ပင်နီတိုက်ပုံကို ချွတ်ကာ၊ NLD မှ ယနေ့ထွက်လိုက်လျှင် မနက်ဖြန် ဘယ်နေရာမှ မဝင်ဆံ့နိုင်သောသူတွေ များပါသည်။ ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည် မျက်နှာကြောင့် စိန်နားကပ်ရောင် နှင့် ပါးပြောင်လာကြသူများ ဖြစ်သည်။ ဆပ်ပြာကောင်းသဖြင့် ခေါင်းပေါင်းဖြူ လာကြသူများ ဖြစ်သည်။ ဆပ်ပြာနှင့် စိန်နားကပ်၏ ကျေးဇူးကို အထပ်ထပ် သတိရနေကြရမည် ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ တပည့်များ ညံ့ဖျင်းပုံ ကို ပြောပါမည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ၁၄ ဦးကို အလုပ်ခန့်ထားရာတွင် တကယ်တော်၊ တကယ်ထက်မြက်သူ နည်းပါသည်။ လူယုံဆိုသူများကိုသာ ခန့်အပ် လိုက်ရာ ပြဿနာ တော်တော်များများမှာ ဝန်ကြီးချုပ် ၁၄ ဦး၏ အရည်အချင်း နည်းပါးမှု၊ ပြည်ထောင်စုဝန်ကြီးများ အမြော်အမြင်နည်းမှု၊ အလုပ်မကျွမ်းကျင်မှု၊ ထက်ထက် မြက်မြက် မရှိဘဲ ညံ့ဖျင်းထုံထိုင်းနေမှုတို့ကို တွေ့မြင်ရပါသည်။ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ရာထူးရလာခါစက မယောင်ရာ ဆီလူးသော အလုပ်၏တစ်ခုကို လုပ်ပြရာ လူပြိန်း တော်တော်များများက တော်လိုက်တာ၊ အလုပ်လုပ်လိုက်တာ ဟူ၍ ချီးမွမ်းကြသည်။ ဓာတ်ပုံတွေနှင့် ဖေ့စ်ဘွတ်မှာ တင်ကြသည်။ အခြားမဟုတ်၊ လမ်းခင်းသော လုပ်ငန်းခွင်အထိ လာကာ လမ်း အထု၊ အပါးကို ပေတံဖြင့် တိုင်းကြည့် ခြင်း ဖြစ်သည်။ ထိုကိစ္စသည် သူ လုပ်ရမည့် အလုပ် မဟုတ်၊ လမ်းတံတား အင်ဂျင်နီယာတစ်ယောက် လုပ်ရမည့်အလုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သည်။ ယုတ်စွအဆုံး တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဆင့် လုပ်ရမည့်အလုပ် ဖြစ်သည်။

ဝန်ကြီးချုပ်၏ အလုပ်မှာ မူဝါဒ ချမှတ်ပေးခြင်း၊ မိမိဝန်ကြီးများ အလုပ်လုပ်၊ မလုပ် တာဝန်ပေး ခိုင်းစေခြင်း၊ လွှတ်တော်တွင် တာဝန်ခံထားသော ကတိကဝတ်များကို ပြီးစီးအောင် အကောင်အထည် ဖော်ပေးခြင်း၊ စီမံကိန်းများကို စိစစ်ခြင်း၊ ပြည်သူလူထု၏ နစ်နာမှုများကို သိအောင်လုပ်ပြီး ပြဿနာများကို ဖြေရှင်းပေးခြင်းတို့ ဖြစ်သည်။ ထိုသို့ အလုပ်ကြီး လုပ်ရမည့်သူက အလုပ်သမားခေါင်းအဆင့်လောက် လုပ်ရမည့် အရာကို အချိန်ကုန်ခံ၊ အပင်ပန်းခံကာ နေပူထဲတွင် လူလုံးပြနေသည်မှာ (လူကြားကောင်းအောင် ဟန်ရေးပြနေသည်မှ တစ်ပါး) ဘာမျှ အရေးမပါချေ။ ဝန်ကြီးချုပ်လုပ်ရမည့် အလုပ်လည်း မဟုတ်ပေ။ လမ်း အရည်အသွေး တကယ် ကောင်းစေလိုလျှင် ဝန်ကြီးချုပ် လုပ်ရမည့်အလုပ်မှာ ကျွမ်းကျင်သူ တတိယကြားနေအဖွဲ့ အစည်း Third Party တစ်ခုကို ငှားရမ်း၍ တံတားအရည်အသွေး၊ လမ်းအရည်အသွေးကို စစ်ဆေးစေခြင်း ဖြစ်သည်။ သို့မဟုတ် ကန်ထရိုက်ကို ဆောက်လုပ်ခိုင်းကတည်းက မည်သည့်နှစ်ကာလအတွင်း ပျက်စီးခဲ့လျှင် တိတိကျကျ ပြန်လည် ပြုပြင်ပေးရမည့် အချက်ကို စာချုပ်တွင် ထည့်ချုပ်ရန် ဖြစ်သည်။ လေဆိပ်ချုံပုတ် ရှင်းခြင်းသည် သိန်းလေးထောင် ကျနိုင်၊ မကျနိုင် စစ်ဆေးရန် ဖြစ်သည်။

ယခုတော့ ညံ့လိုက်ကြသည်မှာ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းတွင် ဆေးရုံဆောက်ရာ အဆောက်အအုံ ဆောက်လုပ် ပြီးစီးခါနီးကျမှ ပြည်သူလူထုက တိုင်ကြ တောကြ၊ ဗဟိုက ဆင်းကြည့်ကြတော့မှ ဆေးရုံမှာ ဘယ်လိုမှ အရည်အသွေး အဆင့်မမီတာ သိကြရပါသတဲ့။ နေပြည်တော်မှာ နေတဲ့သူတွေက သိပြီး တစ်မြို့တည်း တစ်တိုင်းဒေသကြီးတည်းနေသူ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ မျက်စိမှိတ်နေတာကတော့ အံ့သြမကုန်သော ညံ့ဖျင်းမှု ဖြစ်သည်။ ထိုကိစ္စမျိုး ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှာ ပြောမကုန်အောင် ရှိသည်။ လွှတ်တော်အမတ်တွေ၊ တိုင်းဒေသကြီး အစိုးရဝန်ကြီးတွေကိုယ်တိုင်က လယ်ထွန်ရာတွင် ခါးတောင်းကျိုက်ကာ လယ်ကွင်းထဲ ဆင်းလိုဆင်း။ ပဒေသရာဇ်ခေတ်က လယ်ထွန်မင်္ဂလာလိုလို၊ ကွန်မြူနစ်တွေလိုလို ဘာတွေလုပ်ကြမှန်း မသိ။ တကယ့်တန်ဖိုးကျတော့ မသိကြ။

mgyoe.com

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပဲ မြန်မာ့လွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်များကို ဦးစွာပထမ (ဗိုလ်ချုပ်အောင်ဆန်းတို့ထက် စောကာ) လက်နက်စွဲကိုင်တော်လှန်တိုက်ခိုက်ခဲ့သော အထက်မြန်မာပြည် ဖတပလခေါင်းဆောင် ဗိုလ်မှူးဗထူး၏ အထိမ်းအမှတ်ကျောက်တိုင်ကို ဘူဒိုဇာဖြင့် ထိုးချဖျက်ဆီးပစ်လိုက်သည်။ ပထဝီမသိ၊ သမိုင်းမသိသော ဝန်ကြီးချုပ်များပါတကား။ သမိုင်း ဆိုတာကို သိပါသလား၊ သမိုင်းဝင်ရှေးဟောင်းပစ္စည်းတို့၏ တန်ဖိုးကို သိပါသလားဟု ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကို မေးချင်သည်။ မကြာသေးခင်က ဇေကမ္မာဦးခင်ရွှေသည် မြရိပ်ညိုဟိုတယ်ဝင်းအတွင်းတွင် ရှိသော သမိုင်းဝင်အဆောက်အအုံတစ်ခုကို အိမ်ယာစီမံကိန်းနှင့် မလွတ်၍ ဆိုပြီး မည်သူ့ကိုမျှ မတိုင်ပင်ဘဲ ဘူဒိုဇာနှင့်ထိုးချဖျက်ဆီးခဲ့သည်။ NLD ဝန်ကြီးချုပ် လုပ်ရပ်နှင့် ဇေကမ္မာခင်ရွှေ လုပ်ရပ်မှာ အတူတူပဲ ဖြစ်သည်။ ရှမ်းပြည်နယ် ဝန်ကြီးချုပ် လုပ်ရပ်က ပိုဆိုးသည်။ ဗိုလ်မှူးဗထူးသည် ဖက်ဆစ်တော်လှန်ရေးတွင်အထက်မြန်မာပြည်၏တိုင်းမှူးဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်မှာ ရဲဘော်စံညွန့် ဖြစ်သည်။

ဖက်ဆစ်တော်လှန်ရေး တရားဝင် မစတင်နိုင်သေးမီ ၁၉၄၅ မတ်လ ၆ ရက်နေ့ကပင် မန္တလေးမြောက်ဘက် ဇာပိုင်သို့ မဟာမိတ်တပ်များ ထိုးဖောက်ဝင်ရောက်နေမှုကြောင့် ဖက်ဆက်ဂျပန်တို့က ဘီအိုင်အေ မြန်မာစစ်တပ်ကို သင်္ကာမကင်း ဖြစ်လာသဖြင့် ညတွင်းချင်းပင် မိမိတပ်များကို ဖောက်ထွက်ကာ ဖက်ဆစ်တော်လှန်ရေးကို မြန်မာနိုင်ငံတွင် အစောဆုံး စတင်သည်။ ရန်ကုန်တွင် ရှိနေသေးသောဗိုလ်ချုပ်အောင်ဆန်းတို့ကို မထိခိုက်စေရန်ဖက်ဆစ်ဂျပန်ကိုသာမက မြန်မာအစိုးရကိုရော၊ ဗိုလ်ချုပ်အောင်ဆန်းကိုရော ဆန့်ကျင်တော်လှန်ကြောင်း (ဟန်ဆောင်)ကြေညာစာတမ်းတို့ကို ၅ ရက်နေ့ကတည်းကပင် ရိုက်နှိပ်ဝေငှသည်။ ထို့ကြောင့် ဗိုလ်မှူးဗထူးသည် နိုင်ငံရေးရော၊ စစ်ရေးရော ပရိယာယ်ကြွယ်ဝသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

သူသာ ပရိယာယ်မကြွယ်လျှင် ရန်ကုန်ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘီအိုင်အေခေါင်းဆောင်အားလုံး၊ အစိုးရအဖွဲ့ဝင်အားလုံး၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖတပလ) အဖွဲ့ဝင်တွေအားလုံး ဂျပန် ဖမ်းတာ၊ သတ်တာ ခံရပေမည်။ ဗိုလ်မှူးဗထူးက မတော်လှန်ဘဲ ငြိမ်ခံနေလိုက်လျှင်လည်း ဂျပန်လက်အောက်ရှိ အထက်မြန်မာပြည် ဘီအိုင်အေ မြန်မာတပ်များအားလုံး ချေမှုန်းခံရမည်။ ဗိုလ်မှူးဗထူး တော်လွန်းသဖြင့် မြန်မာ့

mgyoe.com

mgyobe.com

သမိုင်း မရိုင်းခဲ့ရခြင်း ဖြစ်သည်။ ထိုသို့သော ခေါင်းဆောင်၏ အထိမ်းအမှတ် ကျောက်တိုင်သည် မဖျက်ဆီးသင့်သော ရှေးဟောင်း သမိုင်းဝင်လက်ရာ ဖြစ်သည်။

မဖျက်ဆီးရဟု ပြောရာ၌ မပြောင်းရွှေ့ရဟု ပြောခြင်း မဟုတ်။ ပြောင်းမည့်နေရာကို ကြိုတင်ရွေးရမည်။ ကြိုတင် ကျင်းတူးရမည်။ ကြိုတင် အောက်ခံခုံ ဖောင်ဒေးရှင်း ကွန်ကရစ်အမာခံ လောင်းထားရမည်။ ဟိုဘက်က ကျောက်တိုင်ကို မကျိုးမပဲ့အောင် (အရင်းက ဖြတ်သည်ဖြစ်စေ) စက်အားဖြင့် နုတ်ယူပြီး မနီးမဝေး ရှိ နေရာအသစ်သို့ ချက်ချင်းရွှေ့ကာ ကွန်ကရစ်ခုံပေါ် တင်ပြီး ပြန်ဆက်ရမည်။ ထိုကိစ္စများကို မြို့ခံလူထုနှင့် မြန်မာပြည်သူလူထုကို ကြိုတင်ရှင်းပြထားရမည်။ သစ်ပင်ကြီးတွေပင် တစ်နေရာမှ တစ်နေရာ ရွှေ့နေနိုင်သော ခေတ်တွင် ကျောက်တိုင်အသေး တစ်ခုကို မကျိုးပျက်အောင် နေရာရွှေ့ရခြင်းမှာ မဖြစ်နိုင်စရာ မရှိပေ။ ဘာနည်းပညာမှ ထွေထွေထူးထူး မရှိဘဲ မြန်မာလက်သမားဆရာများသည် အိမ်အလုံးလိုက် ရွှေ့နိုင်လေသည်။ သို့သော် ရှမ်းပြည်နယ် ဝန်ကြီးချုပ်သည် ဘာကြိုတင်စီစဉ်မှုမှ မရှိဘဲ ခပ်ညံ့ညံ့ အတွေးတိမ်လွန်းတာ ထင်ရှားသည်။ အဘယ် ကြောင့်ဆိုသော် ဗိုလ်မှူးဗထူး အထိမ်းအမှတ် ကျောက်တိုင်ကို ဘယ်နေရာတွင် ပြန်စိုက်မည်ဟုပင် နေရာ သေသေချာချာ မရွေးရသေးဘဲ ကျောက်တိုင်ကို မြေတူး စက်များဖြင့် တစ်စစီ ဖြိုချပစ်လိုက်သည်။ စိတ်ရှည်လက်ရှည် နည်းလမ်း တကျ အလုပ်လုပ်လျှင် အကောင်းပကတိ ဖြိုဖျက်၍ ရွှေ့ပြောင်းသယ်ဆောင် ရနိုင်သော် လည်း ပညာဉာဏ် နည်းပါးလွန်းသောကြောင့် စစ်အစိုးရလက်ထက်က ပုဂ္ဂိုလ်များ သဖွယ် ထင်ရာစိုင်းခဲ့လေသည်။ ထို့နောက် တာဝန်မဲ့စကားကို ပေါ့ဆစွာ ပြော၏။ ထိုလက်ရာနှင့် ပုံစံတူ ကျောက်တိုင်တစ်ခု အသစ် ပြန်ဆောက်ပေးပါ့မယ်ဟူ၍ ဖြစ်သည်။ သမိုင်းတန်ဖိုး၊ ရှေးဟောင်းပစ္စည်း သဘောတရားကို နားမလည် ကြောင်း ထင်ရှား၏။ မျောက်များကို သစ်ပင် ရေလောင်းခိုင်းသလို ဖြစ်နေသည်။ မျောက်ကို သစ်ပင် ရေလောင်းခိုင်းရာဝယ် မျောက်သည် သစ်ပင်များအားလုံးကို ဆွဲနုတ်ပြီး အမြစ် အတို၊ အရှည်ကိုကြည့်သည်။ ထို့နောက် အမြစ်ရှည်လျှင် ရေများများ လောင်းပြီး ပြန်စိုက်သည်။ အမြစ်တိုလျှင် ရေနည်းနည်းပဲ လောင်း၍ ပြန်စိုက် သည်။ ယခုလည်း အဲဒီလိုဖြစ်နေသည်။ ဒါ့ကြောင့်လည်း ရှမ်းပြည်နယ်၊ အင်းလေးကန် အနောက်ဘက်ကမ်း အင်းတိမ်ရွာရှိ ရွှေအင်းတိမ် ရှေးဟောင်းစေတီများမှာ ကွန်ကရစ် ရောင် တပြောင်ပြောင်၊ ဆေးအဖြူရောင် တဝင်းဝင်းဖြင့် အသစ်အတိုင်း ရာနှင့်ချီ၍

mgyobe.com

mgyoe.com

စေတီပေါင်းများစွာ ဖြစ်လာခြင်း ဖြစ်မည်။ အသစ်သည် အဟောင်းထက် ကောင်းသည်ဟူသော အတွေးတိမ်တိမ်ဖြင့် ဘယ်လိုများ ဝန်ကြီးချုပ်တွေ တက်ဖြစ်လာကြပါလိမ့်ဟု တွေးမိသည်။ အခြားဝန်ကြီးချုပ်များကလည်း အားကျမခံ ရွှေတိဂုံဘုရားကြီး ဟောင်းလှပြီ၊ ဖျက်ပြီး အသစ် ပြန်ဆောက်ပေးမည်တို့၊ ဦးပိန်တံတားနေရာတွင် လေးလမ်းသွား ကွန်ကရစ်တံတား ခင်းမည်တို့၊ ဗန္ဒုလပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်ကို လမ်းနှင့်မလွတ်သဖြင့် ဘူဒိုဇာနှင့်ထိုးပြီး လှိုင်သာယာသို့ ပို့မည်တို့၊ ဝန်ကြီးများရုံးနေရာတွင် ၂၂ ထပ် ဟိုတယ်ကြီး ဆောက်မည်တို့၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ရေညှိရောင်ဖြင့် အရောင်မှိန်နေသောကြောင့် ဖြိုချကာ အသစ်ပြန်ဆောက်မည်တို့ လုပ်လာကြလျှင် မခက်ပါလား ။

ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များမှသည် မြို့တော်ဝန်များ၊စည်ပင်ကော်မတီဝင်များ၊စည်ပင်ဥက္ကဋ္ဌများ၊ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအထိသည် တိုင်းပြည်က ရွေးကောက် တင်မြှောက်သဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ ရလာကြခြင်းဖြစ်သည်။ တိုင်းပြည်ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ မျက်နှာ၊ NLD ပါတီ၏ မျက်နှာကြောင့် ထိုအမတ်များ၊ ဝန်ကြီးများ၊ ဘာခေါင်းဆောင် ညာခေါင်းဆောင်များကို လက်ခံနေကြခြင်း ဖြစ်သည်။ ငါတို့ တော်လွန်းလို့ ဒီနေရာမှာ ရောက်နေတာ၊ လုပ်ချင်တာတွေလျှောက်လုပ်မယ် ဆိုလျှင် အမှားကြီး မှားမည် ဖြစ်သည်။ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်လာရသည် ဖြစ်ရာ စာပေဗဟုသုတရှိသော၊ သမိုင်းကိုသိသော၊ ပထဝီကိုသိသော၊ နိုင်ငံရေးကို သိသော၊ ရှေးဟောင်းတန်ဖိုးကိုနားလည်သော၊ စီမံခန့်ခွဲမှုပညာကို သဘောပေါက်သော၊ ပြည်သူလူထုကို လေးစားသော ခွပ်ဒေါင်းများ ဖြစ်ပါစေကြောင်း အလေးအနက် ဆုတောင်းလိုက်ရပေသည်။

(၅-၄-၂၀၁၉ စောင့်ကြည့် News Watch ဂျာနယ်)

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# လူညီရင် ဤကို ကျွဲ ဖတ်သတဲ့လား

တပ်မတော်သည် နိုင်ငံ၏ အရေးပါသော အင်အားစု ဆိုတာကို နိုင်ငံရေးသမားများက သဘောပေါက် နားလည်လက်ခံဖို့ လိုသလို လွှတ်တော်ကိုယ်စားလှယ်များသည် (လွှတ်တော်ထဲ လာထိုင်မနေနိုင်သဖြင့်) တိုင်းသူပြည်သားများက သူတို့ကိုယ်စား ရွေးချယ်စေလွှတ်လိုက်သူများဟု တပ်မတော်ဘက်က သဘောပေါက်နားလည် လက်ခံဖို့လည်း လိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီဝင်များ ဖြစ်သော်လည်း သူတို့ကို သာမန်ပါတီဝင်များသက်သက်ဟု မြင်၍မရ။ ဒေသ တစ်ခုရှိ ပြည်သူလူထုကို ကိုယ်စားပြု၍ သူတို့ကိုယ်စား လွှတ်တော်ထဲ လာထိုင်နေ သူများဟု မြင်ရပေမည်။ ရွေးကောက်ခံ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက် ကို ကြည့်လိုက်သည်နှင့် သူ့နောက်မှာ ရပ်တည်နေသော မဲဆန္ဒရှင် ပြည်သူလူထု ထောင်နှင့်သောင်းနှင့် (အချို့နေရာများမှာ သိန်းနှင့်ချီ၍) ရှိကြသော ပြည်သူလူထု မျက်နှာကို ပြေးမြင်ကြရမည် ဖြစ်သည်။ လွှတ်တော်အမတ် မောင်ဖြူကို မောင်ဖြူ သက်သက်မြင်၍မရ။ မြို့နယ်တစ်ခုလုံး၊ မဲဆန္ဒ နယ်မြေကြီး တစ်ခုလုံး၏ ပြည်သူ

mgyoe.com

mgyoe.com SAMPLE BOOK

လူထု မျက်နှာကို မြင်ရမည်။ မောင်ဖြူသည် ရွေးကောက်ပွဲတွင် မဲအနိုင်မရမီအချိန် အထိ မောင်ဖြူသာဖြစ်သော်လည်း၊ ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ (ကြိုတင်မဲ၊ မဲလိမ် မဲခိုးခြင်း မပါဘဲ) ရွေးချယ် တင်မြှောက်ခံရပြီးချိန်မှစ၍ လွှတ်တော်တွင်း အလုပ်လုပ်ဆောင်သမျှ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ တွေးတောကြံစည်ခြင်း အားလုံးသည် သက်ဆိုင်ရာနယ်မြေရှိ ပြည်သူလူထုကို ကိုယ်စားပြုသည်။

ရွေးကောက်ခံ ကိုယ်စားလှယ်အားလုံးသည် ဤနည်းနှင်နှင်သာ ဖြစ်သည်။ ရွေးကောက်ခံအမတ်များသည် လွှတ်တော်အတွင်း ဤကို ဤဟုပြောခဲ့လျှင် ပြည်သူလူထုကို ကိုယ်စားပြု၍ ပြောခြင်း ဖြစ်သည်။ အကြောင်းထူးရှိ၍ ဤကို ကျွဲဟု ပြောခဲ့လျှင်လည်း ပြည်သူလူထု ကိုယ်စား ပြောခြင်း ဖြစ်သည်။ ကျွန်တော် တို့ကိုယ်စား စကားပြောရန် လွှတ်တော်အမတ်များကို လွှတ်တော်ထဲသို့ ပို့လိုက် ခြင်း ဖြစ်သည်။ သူ့ဘာသာ ဤပဲပြောပြော၊ ကျွဲပဲပြောပြော၊ ဖွတ်ပဲပြောပြော၊ ကြံ့ပဲပြောပြော၊ ဒေါင်းပဲပြောပြော သဘောတူသည်။ ဒီမိုကရေစီသဘောအရ သူတို့ သင့်တော်တာ ပြောလိမ့်မည်။ လွှတ်တော်ကိုယ်စားလှယ်များသည် စစ်သားတွေ မဟုတ်၊ သူတို့မှာ အမိန့်ပေး အမိန့်ခံစနစ် မရှိ။ မိမိဦးနှောက်၊ မိမိနှလုံးသားနှင့် မဲဆန္ဒရှင်တို့၏ လိုအင်ဆန္ဒကို ချင့်ချိန်ကာ နိုင်ငံအတွက် အလုပ်လုပ်နေကြ ခြင်း ဖြစ်သည်။ သူ့ဟာသူ ဤပဲပြောပြော၊ ကျွဲပဲပြောပြော ဒါသည် ပြည်သူလူထု ကိုယ်စား ပြောတာ ဖြစ်သည်။ သူတို့ လွှတ်တော်အတွင်း မဲပေးသမျှသည် ပြည်သူ လူထုကို ကိုယ်စားပြု၍ မဲပေးခြင်းဖြစ်သည်။ သူတို့ စကားပြောခြင်းသည် ပြည်သူ လူထုကိုယ်စား စကားပြောခြင်း ဖြစ်သည်။ ရွေးကောက်ပွဲ မဲပြားများမှတစ်ဆင့် ပြည်သူလူထု၏ လျှာကို လွှတ်တော်အမတ်၏ ပါးစပ်ထဲ ငါးနှစ်တာ ထည့်ပေး ထားခြင်း ဖြစ်သည် ။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော် တက်နေသော တပ်မတော်သားကိုယ်စားလှယ်ကို (မည်သည့်အကြောင်းပြချက် မှ ပေးစရာမလိုဘဲ) နောက်တစ်ယောက်နှင့် အချိန်မရွေး အစားထိုးခွင့်ရှိသည်။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ လွှတ်တော်တက်နေရသော ဘဝ သည် ကမ်းနားသစ်ပင် ဖြစ်သည်၊ နေ့မြင် ညပျောက် ဖြစ်သည်။ အချိန်မရွေး လူစားလဲ ခံရနိုင်သည်။ သူတို့၏ ကိုယ်စားပြုမှုသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သည်။ တပ်မတော်တစ်ခုလုံးက မဲပေးရွေးချယ်တာ မဟုတ်ဘဲ ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်း ခံရသူများဖြစ်သဖြင့် လွှတ်တော် ထဲမှ တပ်မတော်သားများသည် တပ်ချုပ်ကိုသာ အဓိက ကိုယ်စားပြုလေသည်။

mgyoe.com

 SAMPLE BOOK 

တပ်မတော်တစ်ခုလုံးက တပ်တွင်းရွေးကောက်ပွဲသတ်သတ် လုပ်၍ မဲပေးရွေးချယ်ခဲ့လျှင်တော့ လွှတ်တော်ထဲရှိ တပ်မတော်သားများသည် တပ်ကို ကိုယ်စားပြုသည်ဟု ခိုင်ခိုင်မာမာ ပြောနိုင်မည် ဖြစ်သည်။ အချိန်မရွေး လူစားထိုး လဲလှယ်ခွင့်လည်း ရှိမည် မဟုတ်ချေ။ ယခုတော့ ဤသို့ မဟုတ်ပေ။

ဒီမိုကရေစီ ဆိုသည်မှာအဘယ်နည်း။ နိုင်ငံရေးသုခမိန်များကတော့ "ဒီမိုကရေစီ ဆိုသည်မှာ လွတ်လပ်မှုနှင့် မျှတမှုကို ပြည်သူလူထုကြားတွင် အညီအမျှ ခွဲဝေခံစားသော အယူအဆ၊ နိုင်ငံတော်၏အာဏာကိုပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသောကိုယ်စားလှယ်များကတစ်ဆင့်ဖြစ်စေပြည်သူလူထုကိုယ်တိုင်ဖြစ်စေ စွဲကိုင်ကျင့်သုံးသောစနစ် (The belief in freedom and equality between people in which power is either held by elected representatives or directly by the people themselves) ဟု အဓိပ္ပာယ် ဖွင့်ဆို ထားသည်။ ကမ္ဘာက ဖွင့်ဆိုသော ဒီမိုကရေစီတွင် ပြည်သူလူထုဟု ပါသည်။ ပြည်သူ လူထုက ရွေးချယ်သော ရွေးကောက်ခံကိုယ်စားလှယ်ဟု ပါသည်။ ထို နှစ်စု နှစ်ဖွဲ့သာ အခရာ ဖြစ်ပါလေ၏။

ဒီမိုကရေစီ (Democracy ) ဆိုသော စကားလုံးကို ပိုင်းခြားကြည့်လျှင် ဂရိဘာသာစကားဖြစ်သော ဒီမိုနှင့် ကရားတပ်စ်ကိုပေါင်းထားခြင်းဖြစ်သည်၊ ဒီမို (Demos) ဟူသော စကားလုံးမှာ ပြည်သူလူထု (The People) ဟု အဓိပ္ပာယ်ရသည်။ ကရားတပ်စ် (Kratos) ဆိုသော စာလုံးမှာ အာဏာ (Power) ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုက အာဏာပိုင်ဆိုင်သော ပြည်သူ့အာဏာစနစ် ဖြစ်သည်။ ပြည်သူလူထုက စားဝတ်နေရေးအတွက် အလုပ်မအားသောကြောင့် ပြည်သူ့အာဏာကို လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားလှယ်လွှဲစာဖြစ်သော ဆန္ဒမဲလက်မှတ်ဖြင့် အာဏာအပ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် လုပ်သမျှသည် ပြည်သူလူထု အများစုကြီးက လုပ်ဆောင်သည်ဟု မှတ်ရမည်။ သူတို့ လုပ်နေတာ လွဲနေလျှင်၊ မှားနေလျှင်လည်း မပူနှင့်။ နောက်ရွေးကောက်ပွဲတစ်ခုတွင် သူတို့ မကျေနပ်သော၊ သူတို့အားမရသော၊ သူတို့ဆန္ဒနှင့် မကိုက်သော သူများကို မရွေးချယ်ဘဲ သင့်တော်သူကို ပြောင်းလဲ မဲပေးလိမ့်မည်။ Special Power/General Power ကို လူပြောင်း၍ အပ်နှင်းပေလိမ့်မည်။ မည်သူမျှ ကြားဝင် ပူပင်နေစရာ မလိုပေ ။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ မှ ၂၀၀၈ အထိ ညောင်နှစ်ပင်တွင် ကျင်းပကြတုန်းကလည်း အမျိုးသားညီလာခံကို လူ ၇၀၂ ဦးဖြင့် ကျင်းပပြုလုပ်ရာ

mgpoe.com

ထိုအထဲတွင် ၁၉၉၀ ရွေးကောက်ပွဲမှတစ်ဆင့် အနိုင်ရသူ ပြည်သူ့ကိုယ်စားလှယ်များမှာ ၁၀၇ ဦးသာ ပါဝင်သည်။ ပြည်သူလူထုက ၁၉၉၀ ရွေးကောက်ပွဲမှ တစ်ဆင့်ရွေးချယ်သော ကိုယ်စားလှယ်က ညီလာခံ တက်ရောက်သူ အားလုံးထဲတွင် ၁၅ ဒသမ ၂၄ ရာခိုင်နှုန်းသာ ထည့်ထားခြင်းဖြစ်ရာ ထိုညီလာခံမှာ စစ်အစိုးရစိတ်ကြိုက် ခြယ်လှယ်ဆုံးဖြတ်သော ညီလာခံသာ ဖြစ်သည်။ ပြည်သူလူထုဆန္ဒသဘောထား မပါဘဲ စစ်အစိုးရနှင့် အလွမ်းသင့်သူများ ထည့်သွင်းထားသည်မှာ အမျိုးသား ညီလာခံတွင် ၈၄ ဒသမ ၇၆ ရာခိုင်နှုန်း ဖြစ်လေသည်။ နောင်အခါတွင် NLDမှရွေးကောက်ခံအမတ်များကအမျိုးသားညီလာခံမှထွက်ခွာသွားသောအခါ ညီလာခံကြီးတွင် စစ်အစိုးရအလိုကျ လက်ညှိုးထောင်၊ ခေါင်းညိတ်သူများသာ ကျန်ခဲ့လေသည်။ ထိုသူများက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြခြင်းဖြစ်သည်။ ထိုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ချမှတ်လိုက်သမျှ ပုဒ်ထီး၊ ပုဒ်မ ဟူသမျှသည် တက်ရောက်လာသော လူ ၇၂၀ တွင် ၆၁၃ ယောက်ဖြစ်သောကြောင့် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဏာကို ဘေးချိတ်ကာ အဘစိတ်ကြိုက် ပုဂ္ဂိုလ်များ လူညီသဖြင့် 'ဤ' ကို 'ကျွဲ' ဖတ်ခဲ့ကြခြင်း၊ 'ဝ' မရှိဘဲ ထဆင်ထူးကို အောက်စိုက်၍ 'ဝိ' လုပ်ခဲ့ကြခြင်းပင် မဟုတ်ပါလော။

ဦးသိန်းစိန်နှင့် ဦးရွှေမန်း လက်ထက်တွင်လည်း လွှတ်တော်တွင် ဆွေးနွေးသမျှ ဆုံးဖြတ်ချက်မှန်သမျှတွင် ပုဒ်မ ၄၃၆ ပြင်ဆင်ရေးအဆို၊ ပုဒ်မ ၅၉(စ) ပြင်ဆင်ရေးအဆို၊ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပုဒ်မများ၊ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ငွေစက္ကူထုတ်ဝေရေးအဆို၊ ပိုင်ဆိုင်မှု ကြေညာရေးအဆို စသည်ဖြင့် အဆိုပေါင်းများစွာတွင် ကြံ့ခိုင်ရေးပါတီနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အများစု မဲအသာဖြင့် အနိုင်ယူ ဆုံးဖြတ်ခဲ့ကြသည်ပဲ မဟုတ်ပါလော။ လူညီသဖြင့် ထိုစဉ်က ဤကို ဖတ်ချင်ရာ ဖတ်ခဲ့ကြသည် မဟုတ်ပါလား ။

ထို့ကြောင့် ယခုအခါ လွှတ်တော်တွင်းဝင်ရောက်နေသော ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ပြည်သူလူထုက လုပ်ပိုင်ခွင့် (Mandate) လွှဲအပ်ထားသောသူများ ဖြစ်သဖြင့် သူ့ဘာသာ လူညီ၍ 'ဤ' ကို 'ကျွဲ' ပဲ ဖတ်ဖတ်၊ 'ဖွတ်' ကို 'ဓွတ်' ဟူ၍ပဲ ဖတ်ဖတ် ၊ 'အဘ'ကို 'အမ' ဟူ၍ပဲ ဖတ်ဖတ် ၊ ပြည်သူလူထု ကိုယ်စား ဖတ်နေကြခြင်းဖြစ်၍ မဲဆန္ဒရှင်ပြည်သူအများစုက ထောက်ခံပွဲများ ကျင်းပကာ အနယ်နယ် အရပ်ရပ်တွင် ထောက်ခံလျက် ရှိပါကြောင်း။

(၅-၄-၂၀၁၉ သူရိယနေဝန်းဂျာနယ်)

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# နိုင်ငံတော် ဆိုသည်မှာ

မကြာခဏကြားရသော စကားလုံးတစ်လုံး ရှိသည်။ ထိုစကားလုံးမှာ နိုင်ငံတော် ဟူ၍ ဖြစ်သည်။ နိုင်ငံတော် ဟူသော စကားလုံးကို မြန်မာနိုင်ငံတွင် အာဏာပိုင်များက တွင်တွင်ကျယ်ကျယ် အသုံးပြုကြ၏။ နိုင်ငံတော်ပုံ၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ နိုင်ငံတော်၏ ဘေးအန္တရာယ်မှ စောင့်ရှောက်ကာကွယ်သည့် ဥပဒေ၊ နိုင်ငံတော်လျှို့ဝှက်ချက် စသည်ဖြင့် တစ်ဆိတ်ရှိ နိုင်ငံတော် ဆိုသော စာလုံးကို ရေလဲသုံးကြသည် ။ ထိုသို့ဆိုလျှင် နိုင်ငံတော် (The State) ဆိုတာ ဘာလဲ စောကြောဖို့ လိုလာသည်။ အစိုးရသည် နိုင်ငံတော်လော၊ တပ်မတော်သည် နိုင်ငံတော်လော၊ အာဏာရပါတီသည် နိုင်ငံတော်လော၊ အာဏာသည် နိုင်ငံတော်လော၊ နိုင်ငံတော်ဆိုသည်ကား အဘယ်နည်း ။

စင်စစ် 'နိုင်ငံတော်' ဆိုသော စကားလုံးမှာ မြန်မာနိုင်ငံတွင် ဘူးလုံးနားမထွင်း ဖြစ်နေသည်မှာ ကြာပေပြီ။ နိုင်ငံတော်ဆိုလျှင် အုပ်ချုပ်သူများကိုပဲ ပြေး၍ မြင်တတ်ကြသည်။ ထိုသို့မြင်လာအောင်လည်း ယခင်အစိုးရ အဆက်ဆက်

mgyoe.com

mgyoe.com

က သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး လုပ်ထားခဲ့ကြသည်။ ပြည်သူပိုင် သတင်းစာများမှာပင် နိုင်ငံတော်အစိုးရ ဟူသော စကားလုံးကို အကြိမ်ကြိမ်သုံးခဲ့ ကြရာ နိုင်ငံရေးစာပေများ မလေ့လာဖူးသော သာမန် ပြည်သူလူထုမှာ နိုင်ငံတော် နှင့် အစိုးရ ဆိုသည်မှာ အတူတူပဲဟု ထင်နေကြလေသည်။ အချို့ဝန်ထမ်းများက တော့ တကယ်မသိ၍ ထိုသို့ ထင်နေကြခြင်း ဖြစ်သည် ။

အမှန်စင်စစ် နိုင်ငံတော် ဆိုသည်မှာ အောက်ပါ အချက်လေးချက်နှင့် ကိုက်ညီပါမှ နိုင်ငံတော် ဟု ခေါ်ဆိုခွင့်ရှိပါသည် ။

### (၁) ပထဝီနယ်နိမိတ်တစ်ခု သတ်သတ်မှတ်မှတ်ရှိခြင်း (Geographic Area)

နိုင်ငံတော်ဟု အခေါ်ခံလိုသည့် တိုင်းပြည်ဒေသသည် ကျွန်တော်၊ ကျွန်မတို့၏ တိုင်းပြည်ပိုင်နက်ကတော့ ဒါပါ ဟူ၍ နိုင်ငံတကာသို့ လက်ဆုပ် လက်ကိုင် ပြနိုင်ရမည် ။ သူများပိုင်သော နယ်မြေကို လက်ညှိုးထိုး၍ နိုင်ငံတော် ဟု ခေါ်လို့မရ။ တိကျခိုင်မာသော ပထဝီနယ်နိမိတ်တစ်ခုကိုတော့ ပိုင်ဆိုင်ရမည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် အရွယ်အစား သေးသည်၊ ကြီးသည်သာ ကွာခြားသော်လည်း နိုင်ငံတကာ အသိအမှတ်ပြု နိုင်ငံတော်အားလုံးတွင် ကိုယ်ပိုင် နယ်နိမိတ်တစ်ခုတော့ ရှိကြရသည်သာ ဖြစ်သည်။ နိုင်ငံ၏ နယ်နိမိတ်မှာလည်း တစ်သမတ်တည်း မရှိနိုင် ။ ကုန်းဘောင်ခေတ်က မြန်မာ့ပိုင်နက်နှင့် ယနေ့ခေတ် မြန်မာ့နယ်နိမိတ် မတူနိုင်ပေ။ နိုင်ငံတကာက လက်ခံသော နယ်နိမိတ်ဖြစ်ရန် လိုပေသည်။

### (၂) အမြဲနေထိုင်သော လူဦးရေ ရှိခြင်း (Permanent Population )

နိုင်ငံတော်ဟု အခေါ်ခံရဖို့ နယ်နိမိတ်တစ်ခု တည်တည်တံ့တံ့ ရှိရုံနှင့် မဖြစ်သေး။ လူထုဟုခေါ်သော အမြဲနေထိုင်သောလူဦးရေ ရှိရမည်။ အမြဲနေထိုင် သော လူဦးရေဟု ဆိုရခြင်းမှာ ပိုင်နက်နယ်မြေ အငြင်းပွားကြသော ကျွန်းများ၊ နယ်စပ်ဒေသများတွင် မိမိနယ်မြေမှ လူအင်အားကို ခေတ္တခေါ်ဆောင်လာပြီး ဤနယ်မြေသည် ငါတို့၏ နိုင်ငံတော်ဖြစ်သည်ဟု အခဲမွှ အရေးဆိုကြမည်ကို ရှောင်ရှားနိုင်ရန် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် လကမ္ဘာသို့ ဦးစွာ ရောက်ခဲ့သော်လည်း လသည် အမေရိကန်ပိုင်သော နိုင်ငံဟု ကြေညာ၍ မရ။ အာကာသ သဘောတူညီချက်များ သတ်သတ်ရှိသော်လည်း အမြဲတမ်းနေထိုင်

mgyoe.com

mgyoe.com SAMPLE BOOK


သော လူမရှိခြင်းသည် အဓိကအကြောင်းခြင်းရာ ဖြစ်သည် ။ လူ (ပြည်သူလူထု) သည် နိုင်ငံတော် ဆိုသော ဖွဲ့စည်းမှုအတွက် အရေးအပါဆုံးသော လိုအပ်မှု ဖြစ်သည်။ လူမရှိသော နိုင်ငံတော်ဟူ၍ မရှိကောင်းပေ။

## (၃) အစိုးရအဖွဲ့တစ်ခု ရှိခြင်း (A Government)

နိုင်ငံတော် ဟူသော အစုအဝေးတစ်ရပ်၌ အစိုးရဟူသည် မလွဲမသွေ ရှိရပေလိမ့်မည်။ သို့သော် အစိုးရသည် နိုင်ငံတော် မဟုတ်။ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ နိုင်ငံတော်အစိုးရ ဟူ၍ လုံးချ၍ မရ။ အစိုးရသည် ပထဝီနယ်နိမိတ်၊ ပြည်သူလူထုတို့ ကဲ့သို့ပင် နိုင်ငံတော် (State) ၏ အစိတ်အပိုင်း တစ်ရပ် ဖြစ်သည်။ အစိုးရချင်း မှားမှာ စိုး၍ အခေါ်အဝေါ်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ အင်္ဂလိပ်အစိုးရ၊ ဦးနုအစိုးရ စသည်ဖြင့် ခေါ်ပိုင်ခွင့် ရှိသည်။ သို့သော် အစိုးရတစ်ခုသည် ကမ္ဘာတည်သရွေ့ တည်မြဲနေခြင်း မဟုတ်၍ နိုင်ငံတော် ၏ အစိတ်အပိုင်းတစ်ခု ဟူ၍သာ မှတ်ယူရမည်။ အစိုးရဟူသည် ဧည့်သည် သဘောသာ ဖြစ်ပေမည်။ ဒီမိုကရေစီနိုင်ငံများတွင် အစိုးရသည် အမြဲပြောင်းလဲ နေပေမည်။ ထာဝရတည်တံ့နေမည်ကား နိုင်ငံတော်ဖြစ်သည် ။

## (၄) အချုပ်အခြာအာဏာ ပိုင်စိုးခြင်း (Capacity to enter into relations with other sovereign states )

နိုင်ငံတော်တစ်ခုဖြစ်ဖို့ အရေးအကြီးဆုံးအချက်မှာ အချုပ်အခြာ အာဏာ ပိုင်စိုးကျင့်သုံးနိုင်စွမ်း ရှိခြင်း ဖြစ်သည်။ မိမိတိုင်းပြည်၏ အချုပ်အခြာအာဏာကို မိမိကိုယ်တိုင် ကိုယ့်ခြေ ကိုယ့်လက် အပြည့်အဝ ကျင့်သုံးကာ အချုပ်အခြာ အာဏာ ပိုင် နိုင်ငံခြားတိုင်းပြည်များနှင့် ပေါင်းသင်းဆက်ဆံနိုင်မှသာ ထိုနိုင်ငံကို နိုင်ငံတော် ဟု ခေါ်တွင်ကြပေလိမ့်မည်။ ဤကမ္ဘာပေါ်ရှိ အစိုးရအဖွဲ့အချို့သည် နိုင်ငံ၏ ပထဝီနယ်နိမိတ်လည်း အတိအကျ ရှိ၏။ ထိုတိုင်းပြည်တွင် နေထိုင်ကြသော ပြည်သူလူထုလည်း ရှိ၏။ ပြည်သူလူထုက သဘောတူကြည်ဖြူသော အစိုးရအဖွဲ့ တစ်ခုလည်း ရှိ၏။ သို့သော် ထိုအစိုးရသည် သူ၏ မိခင်နိုင်ငံကို အပြည့်အဝ ထိန်းချုပ် နိုင်သော အချုပ်အခြာအာဏာ မရှိသည် ဖြစ်ငြားအံ့။ ထိုနိုင်ငံ၊ ထိုပြည်ထောင်စု သည် လွတ်လပ်သည့်နိုင်ငံတော်ဟု ခေါ်၍ရမည် မဟုတ်ပေ။ ဥပမာ– ပါလက် စတိုင်းတို့တွင် ပထမအချက် သုံးချက်နှင့် ပြည့်စုံသော်လည်း အရှေ့ဂျေရုဆလင်

mgyoe.com
SAMPLE BOOK


နှင့် အနောက်ဘက်ကမ်းဒေသတို့ အစ္စရေးလက်အောက် ကျရောက်နေသဖြင့် နိုင်ငံတော်အဆင့်သို့ ရောက်မလာသေးခြင်းဖြစ်သည်။ ယခင်အစိုးရလက်ထက်က ဒေါက်တာစိန်ဝင်း၏ NCGUB ခေါ် ပြန်ထောင်စုမြန်မာနိုင်ငံတော် ညွှန့်ပေါင်းအစိုးရသည်လည်း ပထမအချက် သုံးချက်နှင့် ပြည့်စုံသော်လည်း စတုတ္ထအချက်နှင့် မပြည့်စုံခဲ့ခြင်း ဖြစ်သည် ။

အင်္ဂလိပ်ဘာသာနှင့်ဆိုလျှင် နိုင်ငံတော်၏ အဓိပ္ပာယ်ကို ဤသို့ ဖွင့်ဆို၏။

"A sovereign state is a political organization with a centralized government that has supreme independent authority over a geographic area. [1] It has a permanent population, a government, and the capacity to enter into relations with other sovereign states. [2] It is also normally understood to be a state which is neither dependent on nor subject to any other power or state. [3] The existence or disappearance of a state is a question of fact. [4] While according to the declaratory theory of state recognition a sovereign state can exist without being recognized by other sovereign states, unrecognized states will often find it hard to exercise full treaty-making powers and engage in diplomatic relations with other sovereign states."

ဤမျှဆိုလျှင် နိုင်ငံတော် ဆိုသည်မှာ (၁) နယ်နိမိတ်၊ (၂) ပြည်သူလူထု၊ (၃)အစိုးရ၊ (၄)အာဏာ တည်းဟူသောအချက်လေးချက်နှင့် ကိုက်ညီဖွဲ့စည်းထားသော အစုအဝေးဖြစ်ကြောင်း သဘောပေါက်လောက်ပေပြီ။ ဥပမာအားဖြင့် ကားတစ်စီးဟု ခေါ်ရာ၌ ဘီးကိုချည်း ကားဟုခေါ်၍ မရ။ ဘော်ဒီချည်းပဲ ကားဟုခေါ်မရ။ အင်ဂျင်ချည်းပဲ ကားဟူ၍ ခေါ်၍မရ။ လက်ကိုင် စတီယာရင်ချည်းပဲ ကားဟူ၍ ခေါ်၍မရ။ အားလုံးပေါင်းမှ ကားဖြစ်သကဲ့သို့ ဘီးလေးဘီးနှင့် တူသော အခြေခံအကျဆုံးသော ပြည်သူလူထု မပါဘဲ နိုင်ငံတော်ဟူသော မော်တော်ကားသည် မဖြစ်နိုင်။ ကားဘော်ဒီနှင့်တူသော နယ်နိမိတ်မရှိဘဲလည်း နိုင်ငံတော်ဟု အမည်တပ်လို့ မရ။ စတီယာရင်ဘီးကို ကိုင်ကာ မောင်းနှင်နေသော အစိုးရ မရှိဘဲလည်း တိုင်းပြည်သည် နိုင်ငံတော်တစ်ခု ပီပီသသ မဖြစ်နိုင်။ အင်ဂျင်နှင့်တူသော အချုပ်အခြာအာဏာ ဟူသည့် အသက်ဓာတ်ကလည်း နိုင်ငံတော်ဟူသည့် ကား

mgyoe.com

mgyoe.com SAMPLE BOOK


တစ်စီးအတွက် အသက်တမျှ အရေးပါလှတာ သေချာပါသည်။ ထိုအရာအားလုံး စုံမှ နိုင်ငံတော်ဟု ခေါ်ပါသည်။ လူအများ ထင်နေကြသလို အစိုးရသည် နိုင်ငံတော် မဟုတ်ပါ ။

ထိုသို့ဆိုလျှင် နိုင်ငံတော် ဟူသော ဝေါဟာရကို ကောင်းစွာ သဘော ပေါက်လောက်ကြပါပြီ။ ထိုသို့ ရှင်းလင်းသွားသောအခါ "နိုင်ငံတော်၏ တာဝန် ထမ်းဆောင်သည်၊ နိုင်ငံတော်၏အမိန့်ပါ" ဆိုသည့် စကားသည် အစိုးရ၏ တာဝန်ထမ်းဆောင်သည်၊ အစိုးရ၏ အမိန့်ဟုသာ ပြောင်း၍ ပြောသင့်လှသည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရသည် နိုင်ငံတော် မဟုတ်ဘဲ နိုင်ငံတော်၏ လေးပုံ တစ်ပုံသာ ဖြစ်သောကြောင့် ဖြစ်သည် ။

နိုင်ငံတော်စီမံကိန်းဟု ပြောပြောနေကြသူများသည်လည်း အာဏာရှင် ခေတ်တွင် ပြည်သူလူထု၏ သဘောဆန္ဒမပါဘဲ လက်သိပ်ထိုး၍ ပြုလုပ်ဆောင် ရွက်ခဲ့သော စီမံကိန်းများသည် မည်မျှ ကြီးမားသော ပုဂ္ဂိုလ်က လက်မှတ်ထိုးခဲ့ သည်ဖြစ်စေ နိုင်ငံတော်စီမံကိန်းဟု ခေါ်ဆို၍ ရနိုင်မည် မဟုတ်ပါကြောင်း။ နိုင်ငံ တော် ဆိုသည်မှာ အစိုးရတစ်ခုတည်းက ပိုင်ဆိုင်သောအရာ မဟုတ်ဘဲ ဒီမိုကရေစီ ခေတ်တွင် ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်ပါကြောင်း ရေးသားလိုက်ရ ပေသည်။

(၃-၄-၂၀၁၉ Myanmar News Week ဂျာနယ်)

၀

mgyoe.com

mgyoe.com SAMPLE BOOK

# ပြောင်းလဲချင်ရင် ဒါတွေပြင်

အကယ်ဒမီပေးပွဲကြီး ပြီးသွားလေတော့ ပြောမဆုံးပေါင် တောသုံးတောင် ဆိုသလိုပဲ သရုပ်ဆောင် မမြလေး ပြောသလို ပြောကို မပြောချင်တော့ပါဘူးလို့သာ ပြောချင်စရာ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံဟာ  ပြောင်းလဲချိန်တန်ပြီ ဆိုတဲ့ ဆောင်ပုဒ်နဲ့ နိုင်ငံတော်သစ်ဆီကို ချီတက်နေကြတဲ့အချိန် ဆိုတော့  မပြောဘဲ အရာရာနှုတ်ပိတ်နေတာလည်း နိုင်ငံသားတာဝန် မကျေပွန်ရာ ရောက်နေပြန်ပါတယ်။ ဒါကြောင့် မပြောမပြီး၊ မတီးမမြည် ဆိုသလို ဆိုရေးရှိက ဆိုအပ်လှ၏ ဆိုတဲ့ စကားအတိုင်း ကိုယ့်တိုင်းပြည်မှာ ပြောစရာလေးတွေ၊ ပြင်စရာလေးတွေကို နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်အရ ပြောခွင့်ပြုပါ ခင်ဗျား။

အရင်ဆုံး ပြောချင်တာကတော့ အကယ်ဒမီပေးပွဲကြီးမှာ မလိုအပ်ဘဲ ဓာချဲ့နေကြတာပါပဲ။ ရုပ်ရှင်သမားတွေကို ရုပ်ရှင်အကယ်ဒမီ ပေးတယ်။ စာပေသမားတွေကို အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတွေ ပေးတယ်။ လက်ဇွေ့သမားတွေကို ဒင်္ဂါးရွှေအောင်လံတို့၊ Air KBZ အောင်လံတို့၊  MLWC ချန်ပီယံ၊

mgyoe.com

MMA ချန်ပီယံ အစရှိတဲ့ ဝိတ်တန်းချန်ပီယံဆု ခါးပတ်တွေ ပေးတယ်။ ဒါတွေဟာ သက်ဆိုင်ရာနယ်ပယ်အသီးသီးရဲ့ အားကစားအဖွဲ့ချုပ်၊ စာပေဆုရွေးချယ်ရေး အဖွဲ့ စသည်ဖြင့် သူ့နယ်ပယ်က လူတွေ စိစစ်ရွေးချယ်ပြီး ဆုချီးမြှင့်ကြတာပဲ ဖြစ်ပါတယ်။ ရုပ်ရှင်မှာလည်း ဒီလိုပါပဲ။ ရုပ်ရှင်ကားတွေ ရိုက်တယ်၊ ပြတယ်၊ အဲဒီအထဲက တစ်နှစ်အတွင်း ထွက်ခဲ့သမျှ ရုပ်ရှင်ဇာတ်ကားတွေကို အကဲဖြတ် အဖွဲ့နဲ့ရွေး၊ ပြီးရင် ဆုပေး၊ ဒါဟာ လုပ်ရိုးလုပ်စဉ်ပါ။ ဆိုလိုချင်တာက ဒီလို ထူးချွန်ဆု တွေ ပေးတယ်ဆိုတာ ရုပ်ရှင်တစ်ခုတည်း မဟုတ်ဘဲ အားကစားရော၊ စာပေရော၊ နယ်ပယ်အသီးသီးမှာ သက်ဆိုင်ရာနယ်ပယ်က လုပ်နေကျပါ။ ဂီတမှာဆိုလည်း နိုင်ငံတကာမှာ ဂရမ်မီဆုပေးပွဲတွေ ရှိသလို မြန်မာမှာလည်း စီးတီး FM တို့၊ ဘာတို့က တစ်နှစ်တစ်ခါ ဆုပေးတာတွေလည်း ရှိပါတယ်။ စာရေးသူ ပြောချင် တာက ဘယ်နိုင်ငံမှာမှ ဂီတဆုတွေပဲပေးပေး၊ ရုပ်ရှင်အော်စကာဆုတွေပဲ ပေးပေး အဲဒီလိုဆုပေးပွဲအခမ်းအနားတွေကို အစိုးရအဖွဲ့ဝန်ကြီးတို့၊ နိုင်ငံတော်ရဲ့ အကြီး အကဲ ဆိုသူများကို မိန့်ခွန်းတွေပြောဖို့ ဘယ်သူကမှ မဖိတ်ကြားကြပါဘူး။ ဖိတ်ကြားရင် နိုင်ငံခြားက ခေါင်းဆောင်တွေကတော့ အော်စကာဆုပေးပွဲမှာ မိန့်ခွန်း လာပြောမှာ မဟုတ်ပါဘူး။ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ မိန့်ခွန်းလာပြောမှာ မဟုတ်ပါဘူး။ ဂရမ်မီ ဂီတဆုပေးပွဲမှာ မိန့်ခွန်း လာပြောမှာ မဟုတ်ပါဘူး။ ဘောလီးဝုဒ် က အကယ်ဒမီပေးပွဲတွေမှာလည်း ဘယ်ဝန်ကြီးမှ တက်လာတာ မတွေ့ဖူးပါဘူး။ မြန်မာပြည်ကျတော့ ပြောင်းပြန်နိုင်ငံတော်ပါ။

ဘယ်သူက စလိုက်လဲတော့ မသိဘူး။ မြန်မာပြည်မှာ ရုပ်ရှင်အကယ်ဒမီ ပေးပွဲ ကျင်းပလေသမျှ ပြန်ကြားရေးဝန်ကြီး ဆိုသူတွေက အစဉ်အဆက် စင်ပေါ် တက်ပြီး မပြီးနိုင် မစီးနိုင် မိန့်ခွန်းခြွေပါတယ်။ တိုတာ ရှည်တာ အသာထားဦး၊ ဝန်ကြီးနဲ့ အကယ်ဒမီပေးပွဲမှာ မိန့်ခွန်းပြောတာနဲ့ ဆိုင်ကို မဆိုင်တာပါ။ ဝန်ကြီး ဆိုတာ Policy Maker လို့ ခေါ်တဲ့ မူဝါဒချမှတ်သူပါ။ သူ့အလုပ်က ရုပ်ရှင်တွေ အဆင်ပြေပြေ ရိုက်လို့ရအောင် အတားအဆီးဖြစ်နေတဲ့ မူဝါဒတွေကို ဖယ်ရှား ပေးဖို့ပါ။ တင်းကျပ်လွန်းတဲ့ ခေတ်နဲ့မမီတဲ့ ဆင်ဆာမူဝါဒတွေကို ဖြေလျှော့ပေး ဖို့ပါ။ စာပေစိစစ်ရေးကို ဖျက်သိမ်းလိုက်သလို တတ်နိုင်ရင် ရုပ်ရှင်ဆင်ဆာအဖွဲ့ ကို ဖျက်သိမ်းလိုက်ဖို့ပါ။ ရုပ်ရှင်ရိုက်ကူးရေးအတွက် လိုအပ်တဲ့ ပစ္စည်းကိရိယာ တွေ ဝယ်ယူတင်သွင်းရာမှာ လွယ်ကူအောင် ကူညီပေးဖို့ပါ။ ရုပ်ရှင်ရုံတွေ များလာ အောင် ပြန်ကြားရေးဝန်ကြီးဌာနပိုင် ရုပ်ရှင်ရုံတွေ ရုပ်ရှင်မပြဘဲ ဂိုဒေါင်တွေ၊

mgyoe.com

mgyoe.com

ဘီယာဆိုင်တွေ ဖြစ်နေတာကို ရုပ်ရှင်ရုံတွေဖြစ်အောင် လုပ်ပေးဖို့ပါ။ မြန်မာပြည်မှာ မရှိသလောက်ဖြစ်နေတဲ့ အာရှအဆင့်လောက် ရုပ်ရှင်ရိုက်ကူးရေး စတူဒီယိုတွေ တည်ဆောက်ပေးဖို့ပါ။ ခေတ်နောက်ကျ ကျန်ခဲ့တဲ့ ကွန်ပျူတာနည်းပညာတွေ အဆင့်မြင့်လာအောင် အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ နိုင်ငံခြားလေ့လာရေးတွေ လွှတ်ဖို့ပါ။ အဲဒါတွေကို နောက်ကွယ်ကနေပဲ ပံ့ပိုးကူညီနေရမှာပါ။ အဲဒါဆို စကားတွေ တစ်နှစ်တစ်ခါ တက်ပြောနေတာထက် ပိုပြီး အလုပ်ဖြစ်အောင်မြင်မှာပါ။ မြန်မာ့ရုပ်ရှင်ဟာ ကမ္ဘာကို မဆိုထားနဲ့ ပြည်တွင်းမှာတောင် လူမလေး ခွေးမခန့် ဖြစ်နေတာဟာ ရုပ်ရှင်သမားတွေဘက်က ကြိုးစားအားထုတ်မှု နည်းတာ ပါသလို အစိုးရဘက်က ပံ့ပိုးကူညီမှု နည်းလွန်းတာလည်း ပါပါတယ်။ ပြောလိုရင်းကတော့ အကယ်ဒမီပေးပွဲမှာ စကားတက်ပြောတာ ဘယ်ဝန်ကြီးရဲ့ အလုပ်မှ မဟုတ်သလို ဒေါ်အောင်ဆန်းစုကြည် အလုပ်လည်း မဟုတ်ပါဘူး။ ဘယ်နိုင်ငံမှာမှ အဲဒီလို မလုပ်ကြပါဘူး။

မြန်မာနိုင်ငံမှာတော့ နည်းနည်း ပြောင်းပြန်ဖြစ်နေပါတယ်။ ၂၀၁၂၊ ၂၀၁၅ ရွေးကောက်ပွဲတွေမှာ ရုပ်ရှင်၊ ဂီတ စတဲ့နယ်ပယ်က အနုပညာသမားတွေဟာ NLD အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးရေးတွေ လိုက်ပေးကြပါတယ်။ NLD အောင်နိုင်ရေးအတွက် ဝန်းရံကူညီခဲ့ကြပါတယ်။ ၂၀၁၆ အကယ်ဒမီပေးပွဲမှာ ဒေါ်အောင်ဆန်းစုကြည် မတက်ရောက်ပါဘူး။ အဲဒီမှာ အသံတွေ ထွက်လာတာက "ငါတို့ရုပ်ရှင်သမားတွေကို မဲဆွယ်ဖို့ လိုတုန်းကတော့ ခေါ်ပြီး အကူအညီတောင်းတယ်၊ တို့ အကယ်ဒမီပေးပွဲကျ လူကိုယ်တိုင် မလာဘူး" စသည်ဖြင့် ပြောကြ ဆိုကြ၊ ဝေဖန်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီဝေဖန်သံတွေကို ကြားတယ် ထင်ပါရဲ့။ ၂၀၁၈ အကယ်ဒမီပေးပွဲကျတော့ ကိုယ်တိုင်တက်ရောက်ပါတယ်။ ၂၀၁၉ အကယ်ဒမီပွဲမှာလည်း ကိုယ်တိုင်တက်ရောက်ပါတယ်။ မိန့်ခွန်း ပြောပေးပါတယ်။ ပြန်ကြားရေးဝန်ကြီးလည်း အစဉ်အလာမပျက် မိန့်ခွန်း ပြောပါတယ်။ ၂၀၁၇ တုန်းကတော့ သာသနာရေးနဲ့ယဉ်ကျေးမှုဝန်ကြီး တက်ပြီး စကားပြောပါတယ်။ လိုတိုရှင်းပြောရရင် ကျွန်တော်တို့ ပြင်ကြရအောင်။

အကယ်ဒမီပေးပွဲ ဆိုတာ ကမ္ဘာ့ နိုဘယ်ဆုပေးပွဲ မဟုတ်ပါဘူး။ ဝန်ကြီးတွေကို မဖိတ်ကြပါနဲ့။ ဒေါ်အောင်ဆန်းစုကြည်ကို မဖိတ်ကြပါနဲ့။ ဝန်ကြီးတွေကလည်း နိုင်ငံတကာအမြင်၊ နိုင်ငံတကာမျက်စိနဲ့ ကြည့်ပြီး ငါတို့နဲ့ ဒီပွဲနဲ့ ဘာမှ မဆိုင်ဘူး။ ခင်ဗျားတို့ ဘာသာပဲ လွတ်လွတ်လပ်လပ် ကျင်းပကြပါလို့ ပြောကြပါ။

mgyoe.com

SAMPLE BOOK


အရင်ခေတ်ဟောင်းကို တော်လှန်ပြောင်းလဲပြီး ခေတ်သစ်ကို ထူထောင်ချင်တယ်ဆိုရင် အရင်လူတွေ လုပ်တိုင်း လိုက်လုပ်နေတဲ့ မရောင်ရာ ဆီလူးတာတွေ ရပ်ကြရပါလိမ့်မယ်။ ရုပ်ရှင်သမားတွေဘက်ကလည်း ကိုယ်ကြိုက်တဲ့ ပါတီကို မဲဆွယ်ချင်က မဲဆွယ်ပေးကြပါ။ ဒါပေမဲ့ ငါတို့ မဲဆွယ်ပေးလို့ တို့အကယ်ဒမီပွဲကြီး အမေစုလာရမယ်တို့၊ ဘယ်ခေါင်းဆောင်ကြီး လာရမယ်တို့ ဘာတို့ မလုပ်ကြပါနဲ့။ ရှက်တတ်ကြပါ။ ကမ္ဘာပေါ်မှာ အခြားနိုင်ငံတွေက ရုပ်ရှင်ဆုပေးပွဲတွေကိုလည်း လေ့လာကြပါလို့ အကြံပေးလိုပါတယ် ။

ပြောင်းလဲရမှာ ကျန်ပါသေးတယ်။ အဲဒါက အကယ်ဒမီရပြီ ဆိုတာနဲ့ စင်ပေါ်တက်ပြီး မပြီးနိုင် မစီးနိုင် လေကြော ကြိုက်သလောက် ရှည်ခွင့်ကို ခွင့်ပြုထားတဲ့ ကိစ္စပါ။ ဟောလိဝုဒ်က အော်စကာဆုပေးပွဲမှာ ဆုရသူတွေ စင်ပေါ်မှာ မပြီးနိုင် မစီးနိုင် လေရှည်မှာ စိုးလို့ စကားပြောချိန်ကို ၄၅ စက္ကန့်ပဲ သတ်မှတ်ပေးထားပါတယ်။ ၄၅ စက္ကန့် ပြည့်တာနဲ့ တော်လောက်ပြီဆိုတာ အချက်ပြတဲ့ အနေနဲ့ play-off music လို့ ခေါ်တဲ့ သီချင်းသံ တီးလုံးလေး ဖွင့်ပေးပါတယ်။ အဲဒါကိုမှ မရပ်ဘဲ ဆက်ပြီး လေရှည်နေမယ်ဆိုရင် မိုက်ကရိုဖုန်းကို အသံပိတ်ချလိုက်ပါတယ်။ ဘယ်သူမှ မြန်မာပြည်မှာလို ခေါင်းကနေ ခြေအဆုံး အလှဆင်ပေးသူတွေ၊ မာလီကနေ ဒရဝမ်အဆုံး ကူညီခဲ့သူတွေ၊ အဖေ အမေကနေ ကြီးတော်ဆယ်ဝမ်းကွဲအဆုံး အားပေးခဲ့သူတွေ စသည်ဖြင့် ဇာချဲ့နေလေ့ မရှိပါ။ မိမိရဲ့နိုင်ငံရေး မကျေနပ်ချက်တွေ၊ ပုဂ္ဂိုလ်ရေး အဆင်မပြေမှုတွေ၊ မာနတွေ၊ အာဃာတတွေကို အထုပ်ဖြေပြရမယ့် နေရာလည်း မဟုတ်ပါ ။ ဒါ့ကြောင့် အကယ်ဒမီပေးပွဲမှာ ဆုရသူတွေ စကားပြောရမယ့်အချိန်ကို နိုင်ငံတကာမှာလို ကန့်သတ်သင့်ပါတယ်။ ဒါရိုက်တာ အဲဖရက်ဟာစ်ချ်ကော့ အော်စကာဆုရတော့ စင်ပေါ်မှာ သူပြောတာ "Thank you, very much indeed" ဆိုပြီး စက္ကန့်နှစ်ဆယ်ပဲ ကြာပါတယ်။ အမျိုးသမီးဇာတ်ပို့ဆုကို ရခဲ့တဲ့ Patty Duke ကတော့ "Thank you" လို့ပဲ နှစ်လုံးတည်း ပြောခဲ့လို့ ပရိသတ်က ဩဘာပေးလို့ မဆုံးခဲ့ပါဘူး။ အရင်နှစ်က စန္ဒယားတင်ဝင်းလှိုင်အကြာကြီးစကားပြောနေလို့သရုပ်ဆောင်ဇော်ဇော်အောင်က အရွဲ့တိုက်ပြီး စင်ပေါ်ကို ရေဘူး တက်ပေးသလို ဖြစ်ရပ်မျိုးဟာ စကားပြောနေသူအတွက်ရော၊ ရေဘူးတက်ပေးသူအတွက်ရော အမြင်မလှစေတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။

mgyoe.com

မြန်မာတွေဟာ အချိန်နဲ့ပတ်သက်ရင် လေးစားသူနည်းပါတယ်။ အချိန်တိတိကျကျ လုပ်ကြတဲ့ အလေ့အထလည်း မရှိပါဘူး။ အချိန်တိတိကျကျ လုပ်တဲ့သူတွေကိုလည်း လှောင်စရာ ပြောင်စရာတစ်ခုလို မြင်ကြပါတယ်။ မြန်မာပြည်ပြောင်းလဲရမယ့်အထဲမှာ အချိန်သတ်မှတ်ချက် မရှိ၊ ပရမ်းပတာဖြစ်နေကြတာတွေ အဓိက ပါပါတယ်။ အခမ်းအနားတွေမှာ အချိန်တိတိကျကျ သတ်မှတ်ချက်နဲ့ အလုပ် လုပ်သင့်ပါတယ်။ စကားပြောရမယ့် သူတွေကို ဘယ်လောက်ပဲ ပြောခွင့်ပြုတယ် ဆိုတဲ့ သတ်မှတ်ချိန် ထားရပါမယ်။ သတ်မှတ်ချိန် ကျော်နေရင် ဘယ်သူဘယ်ဝါ ဖြစ်ဖြစ် တားမြစ်ရဲရပါမယ် ။

ဒေါပုံမြို့နယ်ထဲမှာ စာပေဟောပြောပွဲ ကျင်းပတော့ စာရေးဆရာတစ်ယောက် ဟောပြောပြီးလို့ ကျွန်တော့်အလှည့်အရောက်မှာ ကူညီပါရစေအဖွဲ့ရဲ့ ရာထူးအတော်ကြီးတဲ့ လူတစ်ယောက် နောက်လိုက်နောက်ပါများစွာနဲ့ ပျာပျာပျာပျာနဲ့ ရောက်လာပါတယ်။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း၊ စာရေးဆရာ တက်မဟောခင်မှာ သူ စင်ပေါ်တက်ပြီး စာပေဟောပြောပွဲကြီး ကျင်းပတာကို ဝမ်းမြောက်ကျေးဇူးတင် မုဒိတာစကားလေး ခဏလောက် တက်ပြောချင်ပါတယ်လို့ ပြောပါတယ်။ ဟောပြောပွဲကျင်းပရေး အဖွဲ့ကလည်း သူ့ကို မလွန်ဆန်နိုင်တော့ ကျွန်တော့်ဘက်ကို လှည့်ပြီး ဆရာ ခွင့်ပြုလို့ ရမလားလို့ ချောက်ချတဲ့မေးခွန်းကို မေးပါတယ်။ ခွင့်မပြုရင် စာရေးဆရာက လူဆိုးကြီး ဖြစ်ပါဦးမယ်။ ခဏပဲ မုဒိတာစကား ပြောမယ်ဆိုတော့ ရပါတယ်လို့ ခွင့်ပြုပေးလိုက်ပါတယ်။

ကိုယ်တော်ချောက စင်ပေါ်တက်ပြီး မုဒိတာစကားပြောတာ တစ်မိနစ်ပဲကြာပါတယ်။ တစ်မိနစ်လောက် စာပေဟောပြောပွဲကို ကျေးဇူးတင်ကြောင်း ပြောပြီးကျန်တာတွေကတော့ ရဲလုပ်ငန်းတို့၊ လူလိမ်တွေရဲ့ လိမ်နည်းအမျိုးမျိုးတို့၊ မူးယစ်ဆေးဝါးတို့၊ ဒုစရိုက်နှိမ်နှင်းရေး ဆယ်ချက်တို့ကို အသေးစိတ် ဟောပါတော့တယ်။ စာရေးဆရာ သုံးယောက် ဟောပြောဖို့ စီစဉ်ထားတဲ့ ပွဲမှာ ဟောပြောသူလေးယောက် ဖြစ်သွားပါတယ်။ ပရိသတ်နဲ့ စာရေးဆရာတွေရဲ့အချိန်ထဲက ၄၅ မိနစ်လောက် အချိန် ဓားပြတိုက်ခံလိုက်ရတာပါပဲ။ ကျေးဇူးတင်စကား ပြောတာမျိုး မဟုတ်တော့ဘဲ အဓိကဟောပြောသူပမာ ဟောပြောနေတဲ့အတွက် မိနစ် ၄၀ လောက်အကြာမှာ ပွဲစီစဉ်သူတွေက နိဂုံးချုပ်ပေးဖို့ သွားပြောရပါတယ်။

သူပြောတာတွေဟာ အကျိုးရှိတဲ့စကားတွေ မှန်ပေမယ့် ဒါမျိုးပြောချင်ရင်သီးသန့်ဟောပြောပွဲ တစ်ပွဲ လုပ်ရပါမယ်။ သူများတွေ စီစဉ်ထားတဲ့ အခမ်းအနား

mgyoe.com

SAMPLE BOOK

အစီအစဉ်ထဲမှာ မပါဘဲ အတင်းအဓမ္မ ဖွတ်တက်ပြီး မဟောပြောသင့်ပါဘူး။ ရဲတွေ အမှုစစ်နေတဲ့ အချိန်၊ လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်ထဲမှာ စကားပြောနေတဲ့ အချိန်တွေမှာ စာရေးဆရာက ကျွန်တော်၊ ကျွန်မတို့ ကြုံလို့ ရဲစခန်းမှာ ခဏဝင်ပြီး အမှုစစ်ပါရစေ။ လွှတ်တော်မှာ ခဏဝင်ပြီး အဆိုတစ်ခု တင်ပါရစေလို့ လုပ်လို့ မရပါဘူး။ လုပ်ရိုးထုံးစံ မရှိပါဘူး။ သူများနယ်ပယ် ကျရင် လည်း လုပ်သင့်၊ မလုပ်သင့် စဉ်းစားကြဖို့ ဖြစ်ပါတယ်။ အဲဒီလို အလိုက်ကမ်းဆိုး မသိသူတွေရဲ့ ထုံးစံတစ်ခုက သူတို့ပြောချင်ရာ ပြောပြီးလို့ စင်ပေါ်က ဆင်းလာရင် အခြားသူတွေကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မအောက်မေ့တော့ဘဲ "အလုပ်တွေ ရှိလို့ ပြန်လိုက်ဦးမယ်" ဆိုပြီး ထလစ်သွားတတ်တာပါပဲ။ မခေါ်ဘဲနဲ့ လာ၊ မနှင်ဘဲနဲ့ ပြန်သူတွေလည်း ပေါများလှပါတယ်။ ပြောင်းလဲဖို့အထဲမှာ အဲဒီ အမူအကျင့်တွေကို ထိပ်ဆုံးက ပြင်ကြရပါမယ်။ အကယ်ဒမီပွဲတွေမှာ လေ မရှည်ကြဖို့ စည်းကမ်းချက် ထုတ်ရပါမယ်။ အခမ်းအနားတိုင်းမှာ သတ်မှတ်ချိန် အတိုင်း အတိအကျ စကြဖို့ လုပ်ကြရပါမယ်။ အချိန် လေးစားတယ် ဆိုတာ ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်တာ၊ အချိန် မလေးစားတာဟာ ကိုယ့်တန်ဖိုးကို ကိုယ် နှိမ့်နေတာ၊ အခြားသူတွေရဲ့အချိန်ကို ခိုးယူနေတာ ဆိုတာ သိမြင်လာကြဖို့ စိတ်ဓာတ် တွေကို ပြောင်းလဲကြရပါမယ် ။

ပြောင်းစေချင်တဲ့ နောက်တစ်ဖွဲ့က ရုပ်ရှင်အကယ်ဒမီ ဆုရွေးချယ်ရေး အဖွဲ့ကိုပါပဲ ။ ခေတ်ကြီးကို လူငယ်တွေက ဦးဆောင်နေပါပြီ။ နည်းပညာလောက ကို လူငယ်တွေနဲ့ လည်ပတ်နေတာပါ။ ဖေ့စ်ဘွတ်ကို တည်ထောင်သူ မတ်ဇူကာ ဘတ်ဟာ အသက် ၃၄ နှစ်ပဲ ရှိပါသေးတယ်။ ဖေ့ဘွတ်ကုမ္ပဏီကို စတင်ထူထောင် စဉ်မှာ အသက် ၂၀ ပဲ ရှိပါသေးတယ်။ အခုဆိုရင် ဖေ့စ်ဘွတ်ဆိုတာကို မသိသူ လည်းဒီကမ္ဘာဂြိုဟ်ပေါ်မှာမရှိသလောက်ဖြစ်နေပါပြီ၊ သူလည်းဘီလျံနာသူဌေးကြီး ဖြစ်နေပါပြီ။ ဆိုလိုတာက လူငယ်တွေမှာ နည်းပညာအသစ်တွေ၊ အတွေးအခေါ် အသစ်တွေနဲ့ ပြည့်နှက်နေပါတယ်။ ဇူကာဘတ်ရဲ့ အရည်အချင်းကို ဘုန်းကြီး ကျောင်းက ကပ္ပိယကြီးကို အကဲဖြတ်ခိုင်းရင် ဘယ်လိုမှ မမှန်ကန်နိုင်ပါဘူး။ ကပ္ပိယကြီးဟာ သူ မနက်တိုင်း ခေါက်နေတဲ့ အုန်းမောင်းနဲ့ ကြေးစည်၊ ကုလား တက်နဲ့ လက်ရိုက်တံ တီထွင်သူကိုမှ လူတော်လို့ သတ်မှတ်မှာပါ။ မနက်တိုင်း လေးနာရီ မထိုးခင် ထနိုင်တဲ့ သူ့လိုလူကိုမှ လူတော်လို့ သတ်မှတ်မှာပါ။ ဇူကာဘတ် လို ဘယ်အချိန် အိပ်မှန်းမသိ၊ နေဖင်ထိုးမှ ထသူ၊ ကြေးစည်မှ ဌာန်ကရိုဏ်း ကျ

mgoe.com

အောင် မတီးတတ်သူ၊ အုန်းမောင်းနဲ့ ကုလားတက်ကိုမှ အချက်ကျကျ မခေါက်တတ်သူကို သူ အထင်ကြီးမှာ မဟုတ်ပါဘူး။ ကွန်ပျူတာ ဟတ်ဒစ်ထက် ရွာထဲက ဗီဒီယို အပေါ်စက်၊ အောက်စက်ကို ပိုစိတ်ဝင်စားမှာပါ။ အဲဒီလို ကပွဲယကြီးတွေ ၄၅ ယောက်လောက် စုပြီး နည်းပညာပြိုင်ပွဲမှာ ဒိုင်လုပ်ခိုင်းရင် သေချာတယ်၊ အုန်းမောင်းကို ကောင်းကောင်းထွင်းထုနိုင်တဲ့ ရွာက သစ်ထွင်းဆရာတို့၊ ကြေးစည်လက်ရိုက်တံကို ကျကျနန ပြုလုပ်တတ်သော ရွာမြောက်ပိုင်းက ကိုသာအေးတို့ကိုပဲ ဆုပေး ရွေးချယ်မှာပါ။ ကွန်ပျူတာတစ်လုံးနဲ့ ဘာတွေ တဂျောက်ဂျောက်လုပ်နေမှန်း မသိတဲ့ သူတွေကို နားရင်းတောင် အုပ်ပစ်လိုက်ချင်တာပါ။ ဒါကတော့ မြန်မာနိုင်ငံက အကယ်ဒမီ အကဲဖြတ်အဖွဲ့နဲ့ ရုပ်ရှင်အစည်းအရုံးတွေကို ဗားရှင်း (Version) မြှင့်ဖို့ လိုအပ်နေတာကို ပြောလိုရင်း ဖြစ်ပါတယ်။

အကယ်ဒမီဆု ရွေးချယ်ရေးမှာ အခုလူတွေဟာ အရည်အချင်း မပြည့်ဝဘူးလို့ ဆိုလိုတာ မဟုတ်ပေမယ့် အခုလူတွေဟာ အရင်အစဉ်အလာအတိုင်း လေ့ကျင့်သင်ကြား ကြီးပြင်းခဲ့ရတဲ့ Old Schools (ဂိုဏ်းဟောင်း) များရဲ့ အယူအဆ အတွေးအခေါ်တွေနဲ့ ကြီးပြင်းခဲ့ရတာ ဖြစ်ပါတယ်။ အတွေးသစ်၊ အမြင်သစ်၊ အယူအဆအသစ်၊ နည်းပညာသစ်ကို သိမီနားလည်ခံစားနိုင်တဲ့ New School ဂိုဏ်းသား လူငယ်ပညာရှင်တွေကိုလည်း လက်ကမ်းကြိုဆို နေရာပေး ဖွဲ့စည်းသင့်ပါပြီ။ ဗန်းဆင့်ဗန်ဂိုးနဲ့ ပီကာဆိုရဲ့ပန်းချီလက်ရာ အတိမ်အနက်ကို ရွာက ဘုန်းကြီးပျံလောင်တိုက်မှာ စပ်ပန်းချီရေးတဲ့ သူတွေကို အကဲဖြတ်ခိုင်းရင်တော့ ကမောက်ကမ ဆုံးဖြတ်ချက်တွေ ထွက်နေမှာပဲ။ မြန်မာ့ရုပ်ရှင်မှာ သူများ နိုင်ငံခြားကား ခိုးချလို့ ခိုးချထားမှန်း မသိဘဲ အကယ်ဒမီပေးခဲ့တာတွေ၊ ပေးပြီးလို့ လက်လွန်မှ သိခဲ့ရတာတွေ၊ သိသော်လည်း ပြန်မသိမ်းရဲတာတွေ အရင်ခေတ်ကတည်းက ရှိခဲ့ပြီး အခုခေတ်မှာတော့ မရှိသင့်တော့ပါဘူး။ စာပေမှာရော၊ ရုပ်ရှင်မှာရော၊ ဂီတမှာရော ဆုပေးခံရမယ့် လက်ရာဟာ မူရင်းလက်ရာစစ်စစ် ဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒီအတွက် ဒိုင်လူကြီးလုပ်မယ့် သူတွေဟာ ဝါးလုံးခေါင်းထဲ လသာမနေဘဲ ကမ္ဘာ့ အဆင့်လက်ရာတွေကို သိဖူး၊ မြင်ဖူးဖို့ လိုပါလိမ့်မယ် ။ အဲဒီအတွက် လူတော်တွေကို နေရာပေးရမယ်၊ ဟောင်းနွမ်း အိုမင်းနေတဲ့ software တွေကို အဆင့်မြှင့်တင်ရပါမယ်။ မကောင်းတဲ့ hardware တွေကို အစားထိုး လဲလှယ်ရပါမယ်။

mgyoe.com

ရုပ်ရှင်လောကကို အဓိကပြောပေမယ့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စသည်ဖြင့် ဆွဲအား ရုန်းအား မကောင်းတာတွေ မှန်သမျှ ဇားရှင်းမြှင့်ကြရပါမယ်။ လေးနေတဲ့၊ ရှုပ်နေတဲ့ ဖိုင်တွေ၊ ဒေတာတွေကို ဖျက်သင့်တာ ဖျက်၊ ပြင်သင့်တာ ပြင်၊ အသစ်ထည့်သင့်တာ ထည့်ကြရပါမယ် ။

အမြဲတမ်းရှုံးနေတဲ့ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကိုလည်း ပြောင်းလဲမှု လုပ်ကြရပါမယ်။ အထူးသဖြင့် နိုင်ငံ့လက်ရွေးစင် ဖြစ်လာသူတွေဟာ တကယ်ပဲ နိုင်ငံ့လက်ရွေးစင် ဖြစ်သင့်ဖြစ်ထိုက်တဲ့ အရည်အချင်းတွေ ရှိဖို့ လိုပါတယ်။ နိုင်ငံမှာ ဒီထက် တော်တဲ့သူတွေ မရှိတော့ဘူး ဆိုတာ သေချာဖို့ လိုပါတယ်။ အား/ကာ အဖွဲ့ကြီးနဲ့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က လူတော်တွေ ရှာတာ မအောင်မြင်ကြောင်း ရာစုနှစ် တစ်ဝက်လောက်ကြာအောင် ရှုံးနိမ့်မှုများစွာနဲ့ သက်သေပြပြီးပါပြီ။ အဲဒီတော့ နည်းသစ်နဲ့ လူတွေ ရှာကြရအောင်။ နည်းသစ်နဲ့ လူငယ်တွေ လက်ခံ မွေးထုတ်ပေးကြရအောင်။ ကြီးမားတဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ကြရအောင်ပါ။ လုပ်ရမှာ မခက်ပါဘူး။ ပွင့်ပွင့်လင်းလင်း လူရွေးကြရအောင်ပါ။ ကိုယ့်ပတ်ဝန်းကျင်မှာ နိုင်ငံ့လက်ရွေးစင် ဖြစ်ထိုက်ပါလျက် မဖြစ်ဘဲ၊ အရွေးမခံရဘဲ ကျန်နေသူ ဘောလုံးသမားတစ်ယောက်ကို တွေ့ခဲ့ရင် ဘာ့ကြောင့် နိုင်ငံ့လက်ရွေးစင် ဖြစ်ထိုက်ကြောင်း၊ ဘယ်လို အရည်အချင်းတွေ ရှိကြောင်း၊ ဘယ်လို အတွေ့အကြုံတွေ ရှိကြောင်း အချက်အလက် အကျဉ်းချုပ်ရေးပြီး ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့နဲ့တကွ မည်သူမဆို ပေးပို့နိုင်ကြောင်း အီးမေးလ်ကပဲဖြစ်ဖြစ်၊ တယ်လီဖုန်း Viber ကနေပဲဖြစ်ဖြစ် ပေးပို့ကြဖို့ အစိုးရက ဖြစ်စေ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကဖြစ်စေ တရားဝင် ကြေညာသင့်ပါတယ်။

မြန်မာနိုင်ငံအနှံ့က ဖုန်းနဲ့ အီးမေးနဲ့ ဆက်သွယ်ပေးပို့လာသူတွေ အားလုံးကို ဘောလုံး အဖွဲ့ချုပ် ကုန်ကျစရိတ်နဲ့ (ဒါမှမဟုတ် အားကစားဝန်ကြီးဌာန ကုန်ကျစရိတ်နဲ့) ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တွေကို ဖိတ်ခေါ်ပြီး တကယ်ထိုက်တန်မှု ရှိ၊ မရှိ စမ်းသပ် စစ်ဆေးသင့်ပါတယ်။ အရေးကြီးတာက ဒီတာဝန်ကို အရင်ကလို မြို့နယ်၊ ခရိုင်၊ တိုင်းက လူဟောင်းကြီးတွေကို စစ်ဆေး စီရင်ဆုံးဖြတ်ခွင့်မပေးဘဲ နားလည်တတ်ကျွမ်းသူ ပညာရှင်အဖွဲ့ တစ်ဖွဲ့တည်းက တာဝန်ယူစစ်ဆေးဖို့ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြန်မာပြည်တစ်ဝန်းက တကယ့် ဘောလုံးပါရမီရှိသူ လူကောင်းတွေကို တွေ့ရပါမယ်။ အဲဒီအထဲကမှ ချက်ချင်း သုံးလို့ရသူ၊

mgpe.com

mgyoe.com


ထပ်ပြီး သင်ပေးရမယ့် လူ၊ ရေရှည်အတွက် မွေးမြူလေ့ကျင့်ပေးရမယ့် သူများကို ရရှိပါမယ်။ တတ်နိုင်ရင် ထိုင်းနိုင်ငံမှာ ရောက်နေတဲ့ မြန်မာဒုက္ခသည်တွေထဲက ကလေးတွေထဲမှာ ဘောလုံးပါရမီရှိသူတွေ ရှိ မရှိ သွားရှာသင့်ပါတယ်။ အား/ကာ (ရန်ကုန်)၊ အား/ကာ(မန္တလေး) ဆိုတာလောက်၊ ဘာအကယ်ဒမီ၊ ညာအကယ်ဒမီ ဆိုတာလောက်၊ မြန်မာနေရှင်နယ်လိဂ်လောက်နဲ့ လူရွေးနေရင် ဒီပုတ်ထဲက ဒီပဲ တွေပဲ ရမှာပါ။ အခြေခံပညာကျောင်းတွေမှာ ငယ်စဉ်ကတည်းက ဘောလုံး အသင်းတွေ ဖွဲ့ခွင့်ပေးရပါမယ်။ ကျောင်းပြိုင်ပွဲတွေကို အားကစား ပြက္ခဒိန်ဆွဲပြီး ကျင်းပရပါမယ်။ အားကစားလုပ်သူတွေကို ကျောင်းပညာရေးအတွက် အထောက် အကူ ရမှတ်တွေ ပေးရပါမယ်။ ဘောလုံးကန်နေရင် စာမေးပွဲ ကျမှာပေါ့ ဆိုတဲ့ အဖြစ်အပျက်တွေ၊ ဘောလုံး သွားကန်လို့ အတန်းထဲမှာ Roll Call တောင် ထည့်မထားဘူး ဆိုတဲ့ တက္ကသိုလ်ကျောင်းတွေရဲ့ ခပ်ညံ့ညံ့အတွေး အခေါ်မျိုးကို ပညာရေးဝန်ကြီးနဲ့ အားကစားဝန်ကြီး ပူးပေါင်းပြီး ပြောင်းလဲရပါလိမ့်မယ် ။

နောက်ဆုံးပြောင်းလဲစေချင်တာကတော့ အစားအသောက်နဲ့ ပတ်သက် တဲ့ မြန်မာတွေရဲ့ အယူအဆ အလွဲတွေပါပဲ။ ဟင်းနည်းနည်း၊ ထမင်းများများ စားတဲ့ မြန်မာတွေရဲ့ အကျင့်ကို ပြင်ရပါမယ်။ ထမင်းကို လျှော့စားပြီး အသီး အရွက်နဲ့ အသားကို ပိုပြီး စားကြဖို့ ပြုပြင်ပြောင်းလဲကြရပါမယ်။ အသားစားရင် သံထမယ်၊ ဘဲဥစားရင် လေပွမယ် စတဲ့ သိပ္ပံနည်းမကျတဲ့ အလေ့အထတွေကို ဖျောက်ကြရပါမယ်။ မြန်မာတွေရဲ့ ပျမ်းမျှအရပ်အမောင်းနဲ့ ကိုယ်အလေးချိန်ဟာ ကမ္ဘာ့နိုင်ငံတော်တော်များများနဲ့ ယှဉ်ရင် နောက်ကျနေခဲ့ပါပြီ။ အောင်လအန်ဆန်း ဟာ ကချင်ပြည်နယ်မှာ နေခဲ့မယ်၊ ဒါမှမဟုတ် မြန်မာပြည် ဘယ်အရပ်မှာမဆို ဆက်နေခဲ့မယ်ဆိုရင် ဒီလို ထူးကျွှီးသန်မာမှုမျိုး မရှိနိုင်ပါဘူး။ သူဟာ အမေရိကန် တွေ နေသလိုနေ၊ အမေရိကန်တွေ စားသလို စားလို့သာ လိုက်ဟဲဗီးဝိတ်တန်းမှာ ယှဉ်ပြိုင်နိုင်တဲ့အထိ ထူးကျွှီးလာတာပါ။ ထမင်းတစ်ပန်းကန်လုံး ငါးပိရည် တစ်ဇွန်းနဲ့ နယ်စားတဲ့ အလေ့အထတွေ၊ ထမင်းတစ်ပန်းကန်လုံး အသားဟင်း သေးသေးလေး တစ်တုံး ဆိုတဲ့ မြန်မာတွေရဲ့ အစားအသောက်၊ အနေအထိုင်၊ အမူအကျင့်တွေကို ပြုပြင်ပြောင်းလဲဖို့ လိုပါပြီ။ နွားနို့၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ ထောပတ် ဆိုတာတွေ စားလေ့ သောက်လေ့ မရှိလို့ ကယ်လ်စီယံနဲ့ ဗီတာမင်စီ၊ ဗီတာမင် B1 /B2/ B5/B6/ B12 တွေ၊ သတ္တုဓာတ်တွေ စသည်ဖြင့် ခန္ဓာကိုယ် ကြီးထွားရေး မှာ အဓိကကျတဲ့ ဓာတ်တွေကို မြန်မာကလေးတွေ မရသလောက် ဖြစ်သွားပါ

mgyoe.com

တယ်။ ကြီးထွားမယ့် ဓာတ်တွေကို အသားနဲ့ နို့က ရပါတယ်။ မြန်မာကလေးငယ် တော်တော်များများဟာ အဲဒါတွေကို လုံလောက်အောင် မစားကြရပါဘူး။ အဲဒီတော့ ကလေးဘဝမှာကင် အဟာရမပြည့်ဝဘဲ သေးသေးညှက်ညှက်တွေ ဖြစ်ကုန်ကြပါတယ်။ အရပ်တွေ ပုကုန်ကြပါတယ်။ လူကောင်တွေ သေးကုန်ကြပါတယ်။ ဒါ့ကြောင့် မြန်မာတွေ စားတဲ့ သောက်တဲ့ အာဟာရပုံစံကို ပြောင်းလဲဖို့ လိုပါပြီ။ ဂျပန်တွေဟာ အရင်က ဂျပန်ပုလို့ အခေါ်ခံရတာကို နာရကောင်းမှန်း သိပြီး စနစ်တကျ ကြိုးစားလိုက်တာ အခုဆို ဂျပန်တွေဟာ အရပ်ရှည်ကုန်ပါပြီ။ မြန်မာတွေဟာ ပုကုန်၊ ညှက်ကုန်ပါပြီ။ အစိုးရက သုတေသနလုပ်ပြီး ပြည်သူ လူထုကို အစားအသောက်နဲ့ပတ်သက်ပြီး ပညာပေးဖို့ လိုပါပြီ ။

အဲဒီတော့ ပြောင်းလဲချိန် တန်ပြီ ဆိုတဲ့အထဲမှာ ဘယ်နိုင်ငံမှာမှ မလုပ်ကြတဲ့ အကယ်ဒမီပေးပွဲမှာ ဝန်ကြီးတွေ၊ အစိုးရအဖွဲ့ခေါင်းဆောင်တွေ ပါဝင်နေကြတာတွေ၊ ဆုရသူတွေ စကားပြောရာမှာ အချိန်ကို မလေးစားဘဲ အကန့်အသတ် မရှိ ပြောနေတာတွေ၊ အခမ်းအနားတွေမှာ စချင်တဲ့အချိန်စ၊ ပြီးချင်တဲ့အချိန်ပြီး ဆိုတဲ့ အချိန်မလေးစားတဲ့ ကိစ္စတွေ၊ အကယ်ဒမီရွေးချယ်ရေးအဖွဲ့ အပါအဝင် အခြားအကဲဖြတ်အဖွဲ့ဝင်တွေကို လူဟောင်းနဲ့ လူငယ် လူသစ်တွေနဲ့ မျှမျှတတ ပြန်ဖွဲ့သင့်တာတွေ၊ အားကစားမှာ ရွက်ပုန်းသီးတွေကို မရှာဘဲ နည်းလမ်းဟောင်းတွေနဲ့ လူရှာပြီး နိုင်ငံ့လက်ရွေးစင်လုပ်ပြီး တိုင်းပြည်အရှက်ကို ခွဲနေကြတာတွေ၊ အစားအသောက်မှာ မြန်မာတွေ အစဉ်အလာ စားနေတဲ့ အစားအစာတွေနေရာမှာ အာဟာရတန်ဖိုးရှိတဲ့ စားပုံသောက်ပုံတွေနဲ့ အစားထိုးသင့်တာတွေဟာ အစိုးရဘက်ကရော၊ ပြည်သူလူထုဘက်ကရော ပြောင်းလဲသင့်တဲ့ ကိစ္စတွေ ဖြစ်ပါကြောင်း။

(၂၈-၃-၂၀၁၉ စောင့်ကြည့် News Watch ဂျာနယ်)

ဝ

mgyoe.com

mgyoe.com SAMPLE BOOK

# သကြင်္ကန်မှာ ဘာတွေ ကျန်ခဲ့သလဲ

ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဆိုသော မြန်မာစကားပုံ ရှိသည်။ ကျွန်တော် ငယ်စဉ်က ညနေဘက် ထွန်းသီရိရုပ်ရှင်ရုံသို့ သွား၍ လူကြီးတွေနှင့်အတူ ရုပ်ရှင် သွားကြည့်ရသည်။ ထိုအခါများတွင် အသွားတွင် အလွန်ပျော်သလောက် အပြန် တွင် စိတ်ဆင်းရဲရသည်။

အိမ်မှ ရုပ်ရှင်ရုံသို့ သွားသော ခရီးသည် မနီးမဝေး ဖြစ်သည်။ နာရီဝက်ခန့် လမ်းလျှောက်ရပါသည်။ ကလေးတစ်ယောက်အနေနှင့် မစားသာလှပါ။ သို့သော် ပျော်ချင်ပါးချင်၊ မော်ချင်ကြွားချင်စိတ်က များနေသောကြောင့် အသွားတွင် ပင်ပန်းသည်ဟု မထင်ပါ။ ကျွန်တော်တို့အိမ်ရှိရာ ဆံတော်ရပ်ကွက်၊ မြောက် စောင်းတန်းလမ်းမှ စာတိုက်တန်းလမ်းသို့၊ ထိုမှတစ်ဆင့် ပြည်ဘူတာဝင်းထဲမှ အတော်ဝေးဝေး ဖြတ်ချကာ ဗိုလ်ချုပ်ကျောက်ရုပ်အနီးသို့ ရောက်သည်။ ထိုမှ တစ်ဖန် ခရီးဆုံးပန်းတိုင် ထွန်းသီရိရုပ်ရှင်ရုံ။ ရုပ်ရှင်မကြည့်မီ လက်ဖက်ရည်ဆိုင် တွင် မုန့်တွေ ဘာတွေ စားရသည်။ ကလေးသဘာဝ ပျော်ရွှင်စရာ ကောင်းသည်။

mgyoe.com

 SAMPLE BOOK 

ရုပ်ရှင်ကလည်း ကလေးများနားလည်သော စက်ရုပ်ကြီးမောင်ပြုံးချိုတို့၊ မတူရင် မတုနဲ့တို့၊ ဖိုးပြုံးချိုတို့၊ ကလေးသရုပ်ဆောင် အောင်ထွန်းလေး ပါဝင်သော သူရဲကောင်းကလေးများ စသည့် ဇာတ်ကားများ ဖြစ်ကာ စိတ်ဝင်စားမိသည်။ သို့သော် ရုပ်ရှင်တစ်ကားလုံး အစအဆုံး ကြည့်နေနိုင်သည် မဟုတ်။ မကြာမီ ရုပ်ရှင်ရုံထဲတွင် ကလေးပီပီ အိပ်ပျော်သွားလေ့ရှိသည်။ လူကြီးတွေနှိုးကာမှ အိပ်ရာနိုးလာသောအခါ ရုပ်ရှင်ကပြီးနေလေပြီ။ စားစရာလည်း ဘာမှ မကျွေးတော့။ စိတ်ဝင်စားစရာလည်း အထူးအထွေမရှိ။ ပျင်းရိငြီးငွေ့ဖွယ် အိမ်ပြန်ခရီးရှည်ကြီး စပြီ။

ထိုခရီးသည် အလာတုန်းက လမ်းလျှောက်လာခဲ့သော အကွာအဝေးအတိုင်း အတိအကျ ဖြစ်ပါလျက် ဤတစ်ကြိမ်တွင်တော့ ကျွန်တော့်မျက်လုံးထဲဝယ် အစအဆုံး မထင်သော သဲကန္တာရကြီးကို ဖြတ်ရသလို လျှောက်လို့ မဆုံးနိုင်အောင်ရှိသည်။ ဆိုက်ကားဖြင့် ပြန်ကြဖို့ ပြောကြည့်သော်လည်း လူကြီးများက ဘာလို့ဆိုက်ကား ငှားရမှာလဲ၊ လာတုန်းကလည်း ဒီလိုပဲ ဘာညာဖြင့် ပြောကြသောကြောင့် ကျွန်တော့်ခြေထောက်များမှာ နွားကြီးများ နွားသတ်ရုံသို့ ပို့သောအခါ မလျှောက်ချင်ဘဲ ပေကတ်ကတ် လုပ်သလို မလှမ်းချင် လှမ်းချင် ဖြစ်နေပါသည်၊ တစ်နည်းအားဖြင့် ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဆိုသော စကားပုံမှာ အတိအကျ မှန်လေသည်။

မနေ့တစ်နေ့က ပြီးဆုံးခဲ့သော သင်္ကြန်ပွဲတော်သည်လည်း ဤနည်းနှင်နှင်ပင် ဖြစ်သည်။ သင်္ကြန်မတိုင်မီ ရက်ပေါင်းများစွာက ကြိုတင်ကြားခဲ့ရသော တူးပို့တူးပို့ သီချင်းသံသည်လည်း နားဆင်ရတာ ယခုအခါ အရသာ မရှိပြီ။ အတုပင် ဖြစ်လင့်ကစား ကားရှေ့ခန်းတွင် ငွေဖလားလေးတွေဖြင့် ထည့်ထားသော၊ ဟိုတယ်များ၊ ဈေးဝယ်စင်တာများ၊ စားသောက်ဆိုင်များတွင် သင်္ကြန်မတိုင်မီ တစ်လလောက် အလိုကတည်းက အလှဆင်ထားသော ပိတောက်ပန်း အတုလေးတွေကို မြင်ရတာလည်း ယခုအခါ ရင်ခုန်စရာ မကောင်းတော့ပါ။ သင်္ကြန် ပြီးသွားသောအခါ ရန်ကုန်မြို့၊ မန္တလေးမြို့၊ နေပြည်တော်မြို့၊ တောင်ငူ၊ တောင်ကြီးနှင့် အခြားသော မြို့ကြီးများမှာ သင်္ကြန်အပျော်များ ရုတ်တရက် တိတ်ဆိတ် ခြောက်ကပ် သွားသည်။ ပျော်ခဲ့ပါးခဲ့၊ ထူးခဲ့မြူးခဲ့၊ သုံးခဲ့ဖြုန်းခဲ့ကြသမျှသည် ယခုတစ်နှစ်အတွက် ကိုယ်နှင့်မဆိုင်တော့သလို ငေါင်းစင်းစင်း ဖြစ်ကျန်ခဲ့သည် ။

တကယ်တမ်းပြောရလျှင် သင်္ကြန်သည် မူလရည်ရွယ်ချက်မှ သွေဖည်ကာ ရေနှင့် ငွေဖြုန်းပွဲကြီး ဖြစ်လာသည်မှာ ကြာချေပြီ။

mgyoe.com

ရေဖြုန်းသည်ကို ကြည့်ကြပါစို့။ ယနေ့ ကမ္ဘာပေါ်တွင် အခြားနေရာတွေမှာရော၊ မြန်မာနိုင်ငံတွင်ပါ ရေသည် ရှားပါးပစ္စည်းတစ်ခု ဖြစ်လာသည်။ အထူးသဖြင့် ရေချိုများကို လေးရက်အတွင်း စိုက်ပျိုးရေးအတွက်လည်း မဟုတ်၊ သောက်သုံးရေးအတွက်လည်း မဟုတ်ဘဲ ဂါလန် သန်းပေါင်းများစွာ လူ ၅၁ သန်းက တစ်ပြိုင်နက် ဖြုန်းတီးပစ်ခြင်းမှာ ရိုးရာယဉ်ကျေးမှု ဆိုတာကို ထည့်မတွက်ဘဲ ရုပ်ဝတ္ထုဆန်ဆန် စဉ်းစားလျှင် အလွန်ကြီးမားသော ဖြုန်းတီးမှုကြီး ဖြစ်သည်။

ယခင်အခါများက ရန်ကုန်သင်္ကြန်တွင် ကန်တော်ကြီး ကန်ပတ်လမ်းမှာ မဏ္ဍပ်အများစု ရှိပြီး ထိုမဏ္ဍပ်များမှ ရေကို စုပ်ယူသုံးစွဲကြသည်။ ယခုနှစ်တော့ ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေကစားမဏ္ဍပ်များ ဆောက်ခွင့် မပြုတော့။ ကန်တော်ကြီးထဲမှ ရေများသည် မသန့်။ ရေသေအိုင်ထဲတွင် ပိတ်မိနေသော ရေကူးရန်၊ ရေချိုးရန် မသင့်သည့် ကျန်းမာရေးနှင့်မညီသော ရေများ ဖြစ်သည်။ သင်္ကြန်တွင် တစ်ယောက်နှင့်တစ်ယောက် အညစ်အကြေးများ စင်ကြယ်စေရန် ရေပက်သည် ဆိုကတည်းက ရေကောင်းရေသန့်နှင့် ပက်ဖို့ကောင်းသည်။

ကန်တော်ကြီးထဲမှ ရေများ အပက်ခံရသူ၊ ရေပက်ကစားရင်း ထိမိသူများသည် အရေပြားရောဂါများပင် ရနိုင်သည်။ အင်းလျားကန် ရေအရည်အသွေးက ကန်တော်ကြီးထက် အများကြီး သန့်ရှင်းသေးသည်။ သို့သော် အင်းလျားကန်ပတ်လည်ရှိ အင်းလျားကန်မှ ရေ အလွယ်တကူရနိုင်သော အင်းလျားလမ်း၊ ပြည်လမ်း တံတားဖြူမှတ်တိုင်အနီး၊ ကမ္ဘာအေးဘုရားလမ်း လမ်းနီလေးမှတ်တိုင် အနီးတို့တွင် ရေကစားမဏ္ဍပ်များ ဆောက်ခွင့် မပေးသောကြောင့် အင်းလျားကန်ထဲမှ ရေကို အသုံးမချနိုင်တော့ပေ။ ပြည်သူလူထု သောက်သုံးရန် ဖြန့်ဝေနေသော ရေပိုက်လိုင်းများမှ ရေကိုသာ စည်ပင်၏ အစီအစဉ်ဖြင့် ဖြန့်ဝေသုံးစွဲရခြင်းဖြစ်ရာ ရေချိုများကို ဖြုန်းတီးပစ်ရာ ရောက်ပေသည်။

ရေကစားမဏ္ဍပ်များသည် ရေပိုက်ပေါင်းများစွာကို လူလာလာ မလာလာ၊ ရေပက်ခံကား ရှိရှိ မရှိရှိ တောက်လျှောက်ဖွင့်ထားကြရာ ရေများသည် ကတ္တရာလမ်းမကြီးထက်ဆီသို့ စီးဆင်းသွားကြလျက် အဖိုးတန် ရေများကိုဖြုန်းတီးပွဲကြီးလို ဖြစ်နေပါသည်။ အချို့က မီးသတ်ပိုက်လို ပိုက်ခေါင်းအကြီးကြီးဖြင့် မဏ္ဍပ်တိုင်းတွင် တစ်ခုစီ တပ်ထားကြသေးသည်။ အင်းလျား၊ ကန်တော်ကြီး စသော လူတွေအတွက် တစ်နှစ်လုံး မသုံးဘဲ အရန်ထားသော ရေကန်များထဲမှ ရေကို ကျန်းမာသန့်ရှင်းအောင် စနစ်တကျ ဆေးဖျန်းပြီး ထိုရေကန် နှစ်ကန် အနီးတွင် ရေကစား

mgyoe.com

 SAMPLE BOOK 

မဏ္ဍပ်များ ဆောက်လုပ်နိုင်ပါက ရေချိုးများ အလဟဿပြုန်းတီးမှု နည်းသွားနိုင်ပါသည်။ ရေသဘင်မဏ္ဍပ်များကလည်း ရေကစားသူများ၏ရေပိုက်ခေါင်းများကို ရေအထွက်နည်းစေရန် သစ်ပင်ဖျန်းသော ရေပိုက်ခေါင်းလို ဖွာဖွာလေး လုပ်ထားသင့်ပါသည်။ မြန်မာလူမျိုးသည် နိုင်ငံတကာ အမြင်တွင် အစားအစာကိုလည်း ဖြုန်းတီးလွန်းသည်၊ အချိန်ကိုလည်း ဖြုန်းတီးလွန်းသည်၊ ယခုအခါ ရေကိုလည်း ဖြုန်းတီးလွန်းသည်ဟု မြင်နေကြပေသည်။

ငွေကို ဖြုန်းကြပုံမှာကား ရန်ကုန်တွင် ကန်တော်ကြီး ပတ်လမ်းတွင် မဏ္ဍပ်ဆောက်ခွင့် မပြုတော့သဖြင့် ပြည်လမ်းရှိ အချို့သော အိမ်များ၊ ခြံများကို မြေနေရာ ငှားရမ်းပြီး မဏ္ဍပ်ဆောက်ကြရာ သင်္ကြန်အတွင်း ရက်တိုလေးအတွက် သိန်းထောင်နှင့်ချီ၍ ပေးရသော မြေနေရာများပင် ရှိသည် ဆိုတော့ အံ့သြမိပါ သည်။ ထိုငွေများကို ကုန်ကျစရိတ် လျှော့ချသည့် အနေနှင့် အများပိုင်နေရာများတွင် နေရာပြန်ချထားပေးပြီး ကုန်ကျစရိတ်ကို လျှော့ချသင့်ပါသည်။ သုံးလေးရက်စာ အပျော်အတွက် ကုန်ကျငွေမှာ ကြောက်ခမန်းလိလိ ဖြစ်နေကြတာ ထမင်းငတ်နေသော စစ်ဘေးရှောင် ကလေးတွေ သိလျှင် ရှက်စရာကောင်းလှပါသည်။

အဆိုးထဲက အကောင်း ယခုနှစ်သင်္ကြန်တွင် ကောင်းကွက်တစ်ခုမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်ကတည်းက တည်မြဲလာသည့် သင်္ကြန် ရုံးပိတ်ရက်ရှည်ကြီး (၁၀ ရက် အပေါင်း စနေ၊ တနင်္ဂနွေ) အစား အစိုးရအသစ်သည် ယခုနှစ်မှစကာ အကြိုနေ့မှစကာ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ၅ ရက်သာ ရုံးပိတ်ရက် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံရာတွင် ရုံး ဆယ်ရက်ဆက်တိုက် ပိတ်သဖြင့် ဘဏ်လုပ်ငန်း၊ ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်း၊ တရားရုံးများကဲ့သို့သော အရေးကြီးလုပ်ငန်းများ ရပ်တန့်သွားခြင်းဘေးမှ ကင်းဝေးပေမည်။ ဤကား ကောင်းသော အပြောင်းအလဲ ဖြစ်ပေသည်။ မပြောင်းလဲသော အရာများလည်း ရှိသေးသည်။ ထိုအရာကား သင်္ကြန်နား နီးလာလေတိုင်း အဝေးပြေးကား လက်မှတ်များ၏ ဈေးနှုန်းများ ထိန်းမရအောင် ထိုးတက်သွားခြင်း ဖြစ်သည်။

ဤကိစ္စကို အစိုးရသည် တိုင်ကြားရန် လမ်းကြောင်းများ ဖွင့်ထားသော်လည်း ခရီးသည် တော်တော်များများက မတိုင်ရဲပေ။ တိုင်လိုက်သဖြင့် မိမိ ခဲရာခဲဆစ် ဝယ်ထားရသည့် လက်မှတ်ကလေး စီးနင်းခွင့် ဆုံးသွားမှာ၊ ကားပေါ်တွင် အပြိုးနှင့် ရန်ရှာခံရမှာကို လူတွေက ကြောက်ကြသည်။ ထို့ကြောင့် CICC Nay

mgyee.com

mgyoe.com

Pyi Taw Page တွင် တိုင်ကြားနိုင်ပါသည်ဟု ရေးထားခြင်းဖြင့် မလုံလောက်နိုင်၊ ဒီ့ထက် တိကျရေရာသော စနစ်မျိုးဖြင့် ဝင်ရောက် ထိမ်းကျောင်းဖို့ လိုမည် ဖြစ်သည်။ ဥပမာ–အစိုးရဝန်ထမ်းများ၊ Volunteer များ၏ အင်အားကို ယူ၍ ကားဂိတ်များ၏ လက်မှတ်အရောင်းစနစ်ကို သင်္ကြန်မတိုင်မီ ငါးရက်မှ သင်္ကြန်အပြီး သုံးရက်လောက် အထိ အစိုးရက ဝင်ရောက်တာဝန်ယူ ရောင်းချပေးလိုက်လျှင် နှစ်စဉ် ဖြစ်ပွားနေသော သတ်မှတ်တန်ဖိုးထက် ပိုတောင်းသော ပြဿနာ ပြေလည်နိုင်မည် ဖြစ်၏။ ရောင်းချနေသော ကောင်တာများတွင် အစိုးရဝန်ထမ်းများ ဝင်ထိုင်ခိုင်းပြီး ဘေးက ကြည့်နေလျှင် မဟုတ်တာ လုပ်ရဲတော့မည် မဟုတ်ပေ။

နှစ်စဉ် သင်္ကြန် ရောက်တိုင်း ဖြစ်ပွားလိုက်၊ သင်္ကြန်ပြီးတော့ မေ့မေ့ ပျောက်ပျောက် ဖြစ်နေကြသော ထိုပြဿနာ၏ ပင်ရင်း အားနည်းချက်မှာ စနစ် ကျသော စီမံခန့်ခွဲမှု (Management) ဖြစ်သည်။ မြန်မာနိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်း တော်တော်များများ၏ ပြဿနာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု ပျောက်ဆုံးနေခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှု မရှိခြင်းပင် ဖြစ်သည်။ အပေါ်က လူတွေသည် အောက်ခြေသို့ ဆင်းမကြည့်သဖြင့် ဦးနေဝင်းခေတ်မှာလို စာရွက် ထဲမှာပဲ အောင်မြင်နေသည့် ပုံမျိုး မဖြစ်ဖို့ လိုသည် ။

ယခုနှစ်သင်္ကြန်တွင် လူတွေသည် သင်္ကြန်သံချပ်များကို စိတ်ဝင်စားမှု လျော့နည်းသွားပါသည်။ အဓိကအချက်မှာ အစိုးရပိုင်းက သင်္ကြန်သံချပ်စာသား များကို ယခင် စာပေစိစစ်ရေးပုံစံမျိုးဖြင့် ကြိုတင်စိစစ်မှု လုပ်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ကို လေးစားထောက်ခံသူ များ ဖြစ်သော်လည်း NLD ဘာလုပ်လုပ် မှန်သည်ဟု ယူဆသူများ မဟုတ်ပေ။ ဒီမိုကရေစီအခွင့်အရေးများကို ပိတ်ပင်သည့် NLD ၏လုပ်ရပ်များကို မှားသည် ဟု ထောက်ပြချင်ပါသည်။

သံချပ် ဆိုသည်မှာ ပြည်သူလူထုက အာဏာပိုင်ကို သိစေချင်သော အကြောင်းအရာများကို အထက်လူကြီးများ (ရှေးခေတ်က ဘုရင့်နားသို့ ပေါက်ရန်) ဆီသို့ အမြန်လမ်းမှ ဆက်သွယ်ခြင်း ဖြစ်သည်။ ဒါကို ကြိုတင်စိစဉ် တည်းဖြတ်မည် ဆိုတော့ နည်းနည်းတော့ အစိုးရိမ်လွန်ကာ over ဖြစ်နေပေသည်။ တပ်မတော် အကြောင်းကို သံချပ်က ဝေဖန်သည်ဖြစ်စေ၊ NLD ခေါင်းဆောင်ပိုင်းကို သံချပ်ဖြင့် ဝေဖန်သည်ဖြစ်စေ၊ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော အကြောင်းအရာများကို သရော်သည်ဖြစ်စေ၊ ကျောင်းသားသမဂ္ဂများက အစိုးရကို လှောင်ပြောင်ဝေဖန်

mgyoe.com

m gyoe.com SAMPLE BOOK


သည်ဖြစ်စေ၊ ဒါသည် ကမ္ဘာကြီး ပျက်စီးလုနီးပါး ခေတ်ပျက်သွားနိုင်သော ကိစ္စလည်း မဟုတ်ပေ။ ဒါကို အသည်းအသန် ဆင်ဆာဖြတ်ရန် ကြံစည်နေခြင်းသည် ဒီမိုကရေစီအစိုးရ ဖြစ်ပါလျက် အာဏာရှင် ဗိုလ်ခင်ညွန့်တို့၊ ဦးသန်းရွှေတို့ လုပ်ပေါက်မျိုး ပြန်ချိုးခြင်း ဖြစ်ပါသည်။ မည်သည့်အကြောင်းပြချက်နှင့်မှ လက်ခံ၍ မရပါပေ။ သင်္ကြန်ရေပက်နေချိန်ကာလများ အပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အတွေးသစ်၊ အမြင်သစ်များနှင့် ခေတ်သစ်သို့ ချီတက်နိုင်ပါစေသတည်း။

( မေလ-၂၀၁၉ Idea မဂ္ဂဇင်း)

၀

mgyoe.com

mgyoe.com · SAMPLE BOOK

# ဘယ်သူ့ကို အပြစ်ဖို့မလဲ

နိုင်ငံရေးစကားလုံးများကို မသိတာရှိလျှင် မေးကြဖို့ မိတ်ဆွေအချို့အား ဖေ့စ်ဘွတ်မှ ဖိတ်ခေါ်လိုက်သောအခါ သူတို့ မရှင်းလင်းသော စကားလုံးအချို့အား မေးကြပါသည်။ လူငယ်အများစု မေးသော မေးခွန်းထဲတွင် အံ့အားသင့်စရာ အချက်မှာ လက်ဝဲဝါဒ၊ လက်ယာဝါဒ ဆိုသော ဝေါဟာရနှင့် မဏ္ဍိုင်သုံးရပ် ဆိုသော စကားလုံးများကို နားမလည်ကြောင်း ပါလာ၍ ဖြစ်သည်။

လက်ဝဲဝါဒ ဟူသည် ရှပ်ဝါဒ၊ ကွန်မြူနစ်စနစ်ကို ဆိုလိုခြင်း ဖြစ်သည်။ လက်ယာဝါဒဆိုသည်မှာ ကွန်မြူနစ်စနစ် (လက်ဝဲ) နှင့် ပြောင်းပြန် ဆန့်ကျင်ဖြစ်နေသော အရင်းရှင်စနစ်ကို ဆိုလိုသည်။ အရင်းရှင်စနစ်ကို ကိုယ်စားပြုသည့် အမေရိကန် ဦးဆောင်သော အနောက်အုပ်စုကို လက်ယာအုပ်စု၊ ကွန်မြူနစ်စနစ်ကို လက်ခံကျင့်သုံးသော ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သည့် တရုတ်၊ ဗီယက်နမ်၊ ကျူးဘား စသော နိုင်ငံများကို လက်ဝဲအုပ်စု စသည်ဖြင့် သတ်မှတ်ခေါ်လေ့ရှိကြောင်း လူငယ်များကို ရှင်းပြခဲ့သည် ။

mgyoe.com

မဏ္ဍိုင်သုံးရပ် ဆိုရာမှာလည်း နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ဆိုသော ကဏ္ဍသုံးခုကို ဆိုလိုရင်း ဖြစ်ကြောင်း ပြောပြလိုက်သည်။ နိုင်ငံတိုင်းတွင် အစိုးရဟူ၍ ရှိသည်။ ထိုအစိုးရအဖွဲ့သည် တိုင်းပြည်အတွက် ဒေါက်တိုင်တစ်ခုနှင့် တူသဖြင့် မဏ္ဍိုင်ဟူ၍ ခေါ်သည်။ အစိုးရယန္တရားကြီး တစ်ခုလုံးကို အုပ်ချုပ်ရေးမဏ္ဍိုင်ဟု ခေါ်သည်။ နိုင်ငံတိုင်းတွင် ဥပဒေတွေရှိသည်။ ထိုသို့ရှိနေသည့် ဥပဒေများကို ထပ်မံတိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ မလိုအပ်၍ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း စသည့် ကိစ္စများကို လုပ်ရန် အဖွဲ့တစ်ဖွဲ့သတ်သတ်ထားရသည် ။ အုပ်ချုပ်သူ အစိုးရလက်ထဲ ထိုအာဏာကို ထည့်ပေးလျှင် အုပ်ချုပ်တော့လည်းသူ၊ ဥပဒေတွေပြုလုပ်တော့လည်းသူပင် တစ်ဖွဲ့တည်းဖြစ်နေလျှင် အစိုးရသည် ထင်ရာတွေ လျှောက်လုပ်ကုန်လိမ့်မည်။ တစ်ဖက်သတ်ဆန်သွားလိမ့်မည်ဟု ယူဆကာ ဥပဒေပြုရေးကို လူတစ်ယောက်၊ တစ်ဖွဲ့ လက်ထဲတွင် မထားဘဲ လူများစွာ ပါဝင်သော အဖွဲ့ကြီးလက်ထဲသို့ အပ်ထားသည်။ ထိုအဖွဲ့ကြီးကို လွှတ်တော်ဟုခေါ်သည်။ အချို့နိုင်ငံများတွင် ပါလီမန်ဟုခေါ်သည်။ ရုရှားနိုင်ငံတွင် ဒူးမား (Duma) ဟု ခေါ်သည်။

ထိုလွှတ်တော်သည် အချို့နိုင်ငံများတွင် တစ်ခုတည်း ရှိသည်။ အချို့နိုင်ငံများတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟု နှစ်ခု ခွဲထားသည်။ အမေရိကန်ပြည်ထောင်စုတွင် ဆီးနိတ်ဟူ၍ လည်းကောင်း၊ ကွန်ဂရက်စ် ဟူ၍လည်းကောင်း ခေါ်သည်။ မြန်မာနိုင်ငံတွင် ယခုအခါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟု ခေါ်သည်။ ထိုလွှတ်တော်များက ဥပဒေပြုရေးတာဝန်ကို ယူသည်။ ဤအဖွဲ့အစည်းကို နိုင်ငံ၏ နောက်ထပ်ဒေါက်တိုင် တစ်ခုအဖြစ်ယူဆကာ ဥပဒေပြုရေးမဏ္ဍိုင်ဟု ခေါ်သည်။ ထိုအခါ အုပ်ချုပ်သူက သတ်သတ်၊ ဥပဒေပြုသူက သတ်သတ် ရပြီ။ တရားစီရင်သော ကိစ္စမှာလည်း အရေးကြီးသည်။ အုပ်ချုပ်သူကတရားစီရင်လျှင် မျှတနိုင်မည် မဟုတ်ဘဲ ဘက်လိုက်မှုတွေ ဖြစ်လာနိုင်သည်။ ထို့ကြောင့် တရားစီရင်ရေးကို အုပ်ချုပ်သူများ၊ ဥပဒေပြုသူများနှင့် မသက်ဆိုင်စေဘဲ သီးသန့် အာဏာအပ်နှင်းရန် လိုအပ်လာသည်။ ထို့ကြောင့် တရားစီရင်ရေးအတွက် တရားသူကြီးများ၊ ဥပဒေပညာရှင်များ ပါဝင်သော အဖွဲ့အစည်းတစ်ခု သတ်သတ်ထားလာကြသည်။ ထိုအဖွဲ့၏ခေါင်းဆောင်ကို နိုင်ငံတော် တရားသူကြီးချုပ်က ဦးဆောင်သည်။ ထူးခြားသော ပြစ်မှုတစ်စုံတစ်ရာ မရှိဘဲ တရားသူကြီးချုပ်ကို ရာထူးမှ ဖြုတ်မချနိုင်စေရန် ဥပဒေ ပြဋ္ဌာန်းထားသည်။

mgpoe.com